

# ရေးလာတဲ့ပေးစာ

## ဂွဏ်းခေါ်စာစောင်မှတဆင့်ဖေါ် ပြပေးပါရန်

ကျမဟာမိုင်းကိုင်၊ လိုက်ခ (လဲချား) ကုန်သည်အမျိုးသမီးတဦးပါ။ သားသမီး ၄ ယောက်နဲ့မိဘ ရွာကျွေးနေသူတယောက်လဲဖြစ်ပါတယ်။ မိမိဝမ်းစာအတွက် ခက်ခက်ခဲခဲ ရုန်းကန်နေရသလို စစ်အစိုးရ ဆင့်ခေါ် ခိုင်းစေသမျှကိုလည်း လုပ်ပေးနေရပါတယ်။ မသွားလို့၊ မလုပ်လို့ မရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အခမဲ့လုပ်အားပေးဖို့ လူ စာရင်း၊ ထော်လာဂျီစာရင်းတွေကို နာမည်နဲ့ အသေအချာလုပ်ပြီး အခုလို ဆင့်ခေါ် စေခိုင်းပါတယ်။

**ထော်လာဂျီပိုင်ရှင်များ၏သဘောတူညီချက်** တဲ့။ ဘယ်ပိုင်ရှင်ကမှ သဘောမတူရပါဘူး။ ရပ်ကွက်ဥက္ကဌကလဲ **"တာဝန်ကျသည့် ရက်တွင် ပျက်ကွက်ပါက မိမိတာဝန်သာဖြစ်ကြောင်း"** ဆိုပြီး ရပ်ကွက်သားတွေဘက်မရပ်တည်ပေးဘူး။ ကျမတို့ပြည်သူတွေ ဘယ်သူ့ကို သွားအားကိုးရမလဲ။ အမေရိကန်တို့ ကုလသမဂ္ဂတို့လဲ ဘာမှမလုပ်ပေးနိုင်ဘူး။ ကိုယ့်အားကိုယ်ကိုးမှဘဲရမယ်ဆိုတာ အခုအချိန်မှာ နားလည်သင့်ပြီ။

ဗမာစစ်တပ်သုံးဖို့တရုတ်ကအလကားပေး၊ ဈေးပေါပေါနဲ့ အကြွေးရောင်းပေးတဲ့ စစ်ကားအမျိုးမျိုးအစားစားရှိတာဘဲ။ ဆယ်နှစ်ကျော်အတွင်း အစီးရေထောင်သောင်းမကရလာတာ လူတွေအသိဆုံးဘဲ။ အဲ့ကားတွေ ဘယ်မှာသွားထားတာလဲ။ နောက်ဆိုရင် လူထုက စစ်သားတွေစီးဖို့စက်ဘီး၊ တစ်ပွင့်နှစ်ပွင့်စစ်ဗိုလ်တွေ အတွက် မော်တော်ဆိုင်ကယ်၊ ဗိုလ်ကြီး ဗိုလ်မှူးတွေအတွက် ကားတွေတောင် ဝယ်ပေးရဦးမယ်ထင်ပါရဲ့။

ပြည်သူတွေအပေါ် ရက်စက်တဲ့ ဒီစစ်အစိုးရကို အမျိုးသားရေးအတွက်လုပ်နေတယ်ဆိုတဲ့ လက်နက်ကိုင်အင်အားစုတွေ ဘာလို့ လက်ပိုက်ကြည့်နေတာလဲ။ ပြည်သူတွေ ဘာကြောင့်ငုံ့ခံနေရတာလဲ။ တိုင်းရင်းသားမျိုးနွယ်စုအားလုံး၊ လက်နက်ကိုင်အင်အားစုအားလုံး၊ ရဟန်းသံဃာများပါမကျန် မိမိမွေးရာပါအခွင့်အရေးရဖို့အတွက် စစ်အစိုးရကို ဝိုင်းဝန်းတွန်းလှန်လိုက်ရင် မကောင်းဘူးလားရှင်။

မိန်းမသားတယောက်အနေနဲ့ ဒီစကားမျိုးပြောလိုက်တာ စစ်အစိုးရကိုတော်လှန်ဖို့ အားဆေးတခွက်ဖြစ်ပါစေ။

သျှမ်းပြည်အလယ်ပိုင်းက

**ဒေါ်နန်းဖုန်း**



ရက်စွဲ။ ။၂၀၀၈ ခုနှစ် [illegible]

ဦး
ရပ်ကွက်/ရွာ
တုံလောကျေးရွာအုပ်စု

အကြောင်းအရာ။ ။ထော်လာဂျီများ အလှည့်ကျ တပ်စခန်းသို့သတ်မှတ်ရက်အတွင်း စောင့်ဆိုင်းပေးရန်ကိစ္စ

၁။ ထော်လာဂျီပိုင်ရှင်များ၏ သဘောတူညီချက်အရ အစဉ်လိုက် အောက်ပါ ရက်များအတိုင်းစောင့်ဆိုင်းရန် သတ်မှတ်ထားပါသည်။

| စဉ် | ရွာအမည် | ထော်လာဂျီ ပိုင်ရှင်အမည် | ရက်စွဲ | | မှတ်ချက် |
|---|---|---|---|---|---|
| | | | မှ | ထိ | |
| ၁ | ကွက် - ၁ | စိုင်းဝဏ္ဏ [illegible] | 19.10.08 | 21.10.08 | |
| ၂ | " | စိုင်းဆွမ်ကျော် | " | " | |
| ၃ | ပန်မို | ဦးမေတ္တာ | 22.10.08 | 24.10.08 | |
| ၄ | ကွက် - ၂ | ဦးအိုက်ဖြေ | " | " | |
| ၅ | ကောင်းမုံ | စိုင်းဘောဇမိုး | 25.10.08 | 27.10.08 | |
| ၆ | ကွက် - ၁ | ကိုယော်းချိုင် | " | " | |
| ၇ | ပန်ဟော | ဦးမုညာ | 28.10.08 | 30.10.08 | |
| ၈ | ဆွမ်ကျိုင်း | စိုင်းယော | " | " | |
| ၉ | ကောင်းမုံ | ဦးဆွမ်ကို | 31.10.08 | 2.11.08 | |
| ၁၀ | ကွက် - ၂ | ဦးသိမ်းဖေ | " | " | |
| ၁၁ | ဆားတော | ဦးငွေဖေ | 3.11.08 | 5.11.08 | |
| ၁၂ | ကွက် - ၁ | ဦးညိုကြီး | " | " | |
| ၁၃ | " | ဦးစံထွန်း | 6.11.08 | 8.11.08 | |
| ၁၄ | ကွက် - ၂ | ဦးဘသိမ်း | " | " | |
| ၁၅ | ကွက် - ၁ | ဦးဘာသန်း | 9.11.08 | 11.11.08 | |
| ၁၆ | ကွက် - ၂ | စိုင်းဘုန်းကျော် | " | " | |
| ၁၇ | " | ကိုကျော်ဝင်း | 12.11.08 | 14.11.08 | |
| ၁၈ | ဆွမ်ကျိုင်း | စိုင်းနာဂ | " | " | |
| ၁၉ | ကွက် - ၁ | စိုင်းဝဏ္ဏ (ကြိုင်း) | 15.11.08 | 17.11.08 | |
| ၂၀ | ဆွမ်းတော | စိုင်းနော် | " | " | |

မှတ်ချက်။ တာဝန်ကျသည့်ရက်တွင် ပျက်ကွက်ပါက မိမိတာဝန်သာဖြစ်ကြောင်း။

ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
လောကျေးရွာအုပ်စု၊ မိုင်းကိုင်မြို့နယ်

# ဝ ပြည်နယ်အစိုးရ စိန်ခေါ်သံ

နအဖ စစ်အုပ်စုနဲ့အပစ်ရပ်ထားတဲ့ UWSA ဝတပ်ဖွဲ့က သျှမ်းပြည်မြောက်ပိုင်းအထူးဒေသ ၂ ဆိုတဲ့ အမည်အစား ၂၀၀၉ နှစ်ဆန်း ၁ ရက်ကစလို့ မြန်မာနိုင်ငံ ဝပြည်နယ်အစိုးရ အထူးအုပ်ချုပ်ရေးဒေသအဖြစ် ပြောင်းလဲခေါ် ဆိုမဲ့အကြောင်း နေပြည်တော်က အာဏာပိုင်တွေကို အကြောင်းကြားထားတယ်လို့ဆိုပါတယ်။ ဒါပေမဲ့ UWSA ဝ ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်အမည်ကိုတော့ ပြောင်းလဲတာမရှိဘူးလို့ ဝ တပ်ဖွဲ့နဲ့နီးစပ်တဲ့သူတွေကကိုးကား ပြောဆိုကြပါတယ်။

"၁၊ ၁၊ ၀၉ မှာ စတင်ပြောင်းလဲအသုံးပြုသွားမယ်လို့ ဗမာအစိုးရကိုအကြောင်းကြားတယ်။ အခွင့်တောင်းတာမဟုတ် ဘူး၊ အကြောင်းကြားတာ၊ မူလသုံးလာတာကတော့ မြန်မာနိုင်ငံ သျှမ်းပြည်မြောက်ပိုင်း အထူးဒေသ ၂ ။ အခုသုံးတဲ့ စကားလုံးကတော့ မြန်မာနိုင်ငံ ဝပြည်နယ်အစိုးရ အထူးအုပ်ချုပ်ရေးဒေသလို့ပြောင်းလိုက်တယ်။ အဲဒါကိုကြည့်ရင် ဘာမှမထူးခြားသလိုလိုထင်ရပေမဲ့ အသုံးအနှုံးတွေကိုသေချာကြည့်တော့ နဂိုအခြေအနေအချက်အလက်နဲ့ ကြည့်ရင် အဲဒါရည်မှန်းချက်ရှိတဲ့ ကျားထိုးကွက်တကွက်ဘဲ။"

တရုပ်နယ်စပ်ကနိုင်ငံရေး၊ စစ်ရေးလေ့လာသူ ဦးအောင်ကျော်ဇောရဲ့အမြင်ပါ။

အစိုးရရဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အပိုင်း ၂ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ အပိုင်း ၁၂ (စ) မှာ သျှမ်းပြည်နယ် ဟိုပန်၊ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း၊ မတ်မန်နဲ့ ပန်ဆန်း ၆ မြို့နယ် ၂ ခရိုင်ဖွဲ့ပြီး ဝ ကိုယ်ပိုင်အုပ်ချုပ်ရတိုင်း အဖြစ်သတ်မှတ်ထားပါတယ်။

ဒီနယ်မြေရဲ့အမည်ကိုပြောင်းလဲဖို့ကြိုးစားတာဟာ စစ်အစိုးရအတည်ပြုထားတဲ့ဖွဲ့စည်းပုံပါ မူတွေနဲ့ ကိုက်ညီခြင်းမရှိတဲ့အတွက် နဂိုမူလက စစ်အစိုးရညှိနှိုင်းနေတဲ့ ၂၀၁၀ ရွေးကောက်ပွဲပါဝင်ရေးကိစ္စလဲ ပိုပြီး ကြီးထွားလာတဲ့အဓိပ္ပါယ်ဆောင်တယ်လို့ လေ့လာသူတွေသုံးသပ်ကြပါတယ်။

အခုလိုအမည်ပြောင်းတယ်လို့သိရပေမဲ့ သီးခြားစုံစမ်းချက်အရ လက်ရှိပန်ဆန်းဌာနချုပ်မှာတော့ နှစ်သစ်နှုတ်ခွန်းဆက်စာတွေ၊ တရားဝင်ရုံးစာတွေမှာ အုပ်ချုပ်ရေးအမည်ပြောင်းလဲထားတာမတွေ့ရသေးဘူးလို့ ဒေသခံတယောက်ကပြောပါတယ်။

ဗိုလ်ချုပ်ခင်ညွန့်လက်ထက် ၁၉၈၉ ကတည်းက အပစ်ရပ်ခဲ့ တဲ့ ဝတပ်ဖွဲ့ဟာ တရုပ်နယ်စပ်အခြေစိုက် အင်အားကြီးမားတဲ့ လက်နက်ကိုင်အဖွဲ့တခုဖြစ်ပြီး ဝ ပြည်နယ်ကိုသျှမ်းပြည်နယ်နဲ့ တန်းတူပြည်နယ် အဆင့်အတန်းပေးဖို့ နအဖကို (အမျိုးသားညီလာခံမှာ) တောင်းဆိုထားတဲ့အဖွဲ့ ဖြစ်ပါတယ်။

**ဦးခင်မောင်စိုး** RFA (6/1/2009)

# တြိဂံတိုင်းမှူးနှင့် ဝ တပ်မှူးတို့ တွေ့ဆုံဆွေးနွေး

ကျိုင်းတုံအခြေစိုက် တြိဂံတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဖြိုးသည် ဇန္နဝါရီလဆန်းပိုင်းက အပစ်ရပ် UWSA-171 စစ်ဒေသဌာနချုပ်မှ ဝ တပ်မှူးများနှင့် ၄ နာရီကြာတွေ့ဆုံဆွေးနွေးခဲ့ကြောင်း နယ်စပ်သတင်းရပ်ကွက်ကဆိုသည်။

ဆွေးနွေးမှုပြုလုပ်ပြီးနောက် ဗိုလ်မှူးချုပ်ကျော်ဖြိုးနှင့်အဖွဲ့ ဝ တပ်မှူးများနှင့် ဟွေ့အော့ဌာနချုပ်၌ အတူညစာစားခဲ့ကြသည်ဟုဆို၏။ ဟွေ့အော့သည် သျှမ်းပြည်အရှေ့တောင်ပိုင်း မိုင်းတုံ–ပုံပါကျင်ကားလမ်းပေါ် တွင်တည်ရှိပြီး ထိုင်းနယ်စပ် မြောက်ဘက် ၂၅ မိုင်ကွာဝေး၏။ မိုင်းတုံ–မိုင်းဆတ်မြို့နယ် ထိုင်းနယ်စပ်တလျှောက်လှုပ်ရှားကြသည့် ဝ တပ်ရင်းတပ်မဟာအများစုအပေါ် ဦးစီးကွပ်ကဲသော UWSA-171 စစ်ဒေသတပ်မှူးမှာဝေ့ရှော်ကန်း၏ညီ ဝေ့ရှော်ယင်၏ဌာနချုပ်ဖြစ်သည်ဟု သိရသည်။

ဆွေးနွေးမှုနှင့်ပက်သက်သည့် အသေးစိတ်အချက်အလက်များမသိရှိရကြောင်း သတင်းရပ်ကွက်ကဆိုသည်။

"*မကြာသေးခင်က ဝ ပြည်နယ်အစိုးရလို့ ကြေငြာခဲ့တဲ့ကိစ္စ တွေလည်း ဆွေးနွေးကောင်းဆွေးနွေးနိုင်တယ်*"ဟု ဝါရင့်နိုင်ငံရေး အကဲ ခတ်သူ တစ်ဦးက ဆိုသည်။

သည့်အပြင် ဝ ထိန်းချုပ်နယ်မြေဖြစ်သည့် ဟွေ့အော့နှင့် နားကောင်းမူးအကြား နအဖ၏အမြောက်တပ် အခြေစိုက်စခန်း တည်ဆောက်ရေးကိစ္စကိုပါ ဆွေးနွေးညှိနှိုင်းဖွယ်ရှိသည်ဟုလည်း သိရ သည်။

ဝ တပ်ဖွဲ့အား ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင်လက်နက်ချရမည်ဟု နအဖစစ်အာဏာပိုင်တို့ ဖိအားပေးခဲ့သည့်အချိန်မှစ၍ နှစ်ဦးနှစ်ဖက်အကြား တင်းမာမှုကြီးထွားခဲ့သည်ဟုသိရသည်။ နအဖဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တွင် ဝ လူမျိုးများအား ဝ ကိုယ်ပိုင်အုပ်ချုပ်ရေးခရိုင်သတ်မှတ်ပေးခဲ့သော်လည်း လက်ရှိ ဝတို့ထိန်းချုပ်နေသော ထိုင်းနယ်စပ်တဝိုက်နယ်မြေများ ထည့်သွင်းထားခြင်းမရှိဟု သိရသည်။ ❑

# ဝ ပြည်နယ်အစိုးရ နာမည်နောက်ခံအကြောင်းရင်း




Photo : TIME Magazine

အပစ်ရပ် **UWSA** က စစ်အစိုးရအသိအမှတ်ပြုထားတဲ့ သျှမ်းပြည်မြောက်ပိုင်းအထူးဒေသ ၂ အစား မြန်မာနိုင်ငံ ဝပြည်နယ် အစိုးရ အထူးအုပ်ချုပ်ရေးဒေသအဖြစ် ပြောင်းလဲလိုက်ကြောင်း နေပြည်တော်ကို အကြောင်းကြားထားပါတယ်။

ဒီအခြေအနေနဲ့ နိုင်ငံရေးအလားအလာတွေအကြောင်း တရုပ်နယ်စပ် စစ်ရေး၊ နိုင်ငံရေးလေ့လာသူ ဦးအောင်ကျော်ဇောက သုံးသပ်ထားပါတယ်။

“ကျနော်တို့ သုံးသပ်ချက်အရ ဒီဟာက အပေါ်ယံစကားလုံး ပြောင်းထားတယ်လို့ထင်ရပေမဲ့၊ သိထားတဲ့နဂိုအချက်တွေနဲ့ပေါင်းစပ် လိုက်ရင် ဒါဟာကြီးမားတဲ့နိုင်ငံရေးလှုပ်ရှားမှုတစ်ခုရဲ့အစလို့ ယူဆနိုင် တယ်။ အခြေခံအရပြောမယ်ဆိုရင် အမျိုးသားညီလာခံမှာ ချမှတ်ခဲ့တဲ့ တိုင်းရင်းသားတွေနဲ့ပတ်သက်တဲ့ နအဖဖွဲ့စည်းပုံမှာ ဝ အမျိုးသားကို ကိုယ်ပိုင်အုပ်ချုပ်ရတိုင်းအဆင့် သတ်မှတ်ပေးထားပါတယ်။

အဲဒါနဲ့ ပတ်သက်ပြီး ဝ ဘက်ကတော့ သျှမ်းပြည်နဲ့အလား တူ ပြည်နယ်တစ်ခုအဖြစ် အသိအမှတ်ပြုပေးဖို့ တောင်းဆိုထားတာရှိ တယ်။ ဒုတိယအချက်က ၂၀၀၇ စက်တင်ဘာ သံဃာ့အရေးတော်ပုံ ပြီး တဲ့နောက် (ဗမာပြည်ကွန်မြူနစ်ပါတီ **CPB**) ကနေခွဲထွက်သွားတဲ့ ၄ ဖွဲ့ပေါင်း **PDF** တပ်ပေါင်းစုက ကြေငြာချက်ထုတ်ခဲ့တယ်။ အဲဒီ ကြေငြာချက်မှာဖေါ် ပြထားတဲ့အဓိက အချက်တချက်က သံဃာ့အရေး အခင်းကြီးကိုစာနာကြောင်း၊ စစ်အစိုးရအနေနဲ့ ရက်ရက်စက်စက်ဖြိုခွဲမှု မပြုသင့်ကြောင်း၊ အဲဒါကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့ဖြေရှင်းသင့်ကြောင်း၊ အမျိုးသားညီလာခံမှာ သူတို့နဲ့ပတ်သက်တဲ့ချမှတ်ချက်က သူတို့ အပေါ်မဆင်မခြင်လုပ်တာဖြစ်ကြောင်း၊ လက်ရှိသူတို့ရဲ့အထူးဒေသ အခြေအနေအရ ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းထဲမှာ ဝ ဒေသကိုယာယီ အားဖြင့် အမျိုးသားအထူးဒေသအဖြစ် သီးခြားချက်ချင်းသတ်မှတ်ပေး ဖို့ တောင်းဆိုခဲ့တာဖြစ်တယ်။ အဲဒီနောက်ခံတွေကို ပေါင်းစပ်ကြည့် တော့ ယနေ့ ဝ ပြည်နယ်အစိုးရအထူးအုပ်ချုပ်ရေးဒေသဆိုတဲ့ နာမည် ရဲ့အကြောင်းရင်းတွေ အများကြီးရှိပါတယ်။

အခြေအခံတခွန်းထဲအားဖြင့် ကတော့ **NC** က ၂၀၁၀ ရွေး ကောက်ပွဲအတွက် ချမှတ်ခဲ့တဲ့ဖွဲ့စည်းပုံ ဟာ ဗမာပြည်သူများ လက်မခံ နိုင်ရုံသာမက နယ်စပ်ဒေသက အပစ်ရပ်လူမျိုးစု လက်နက်ကိုင်အဖွဲ့ တွေလဲ လက်ခံနိုင်ဘွယ်မရှိတဲ့ဖွဲ့စည်းပုံဖြစ်ကြောင်း ဖေါ် ပြနေတယ်လို့ နားလည်ပါတယ်။”

ဒီလက်နက်ကိုင်အပစ်ရပ်အဖွဲ့တွေက တရုပ်နယ်စပ်မှာအခြေ စိုက်ထားတာများတော့ တရုပ်ကလဲသူများနိုင်ငံပြည်တွင်းရေးကို ဝင်မစွက်ရေးမူနဲ့နေပြီး သူ့ပြည်တွင်းရေးလဲ ဝင်အစွက်မခံဘူး၊ ဒါပေမဲ့ တိုင်းရင်းသားလူမျိုးစုလက်နက်ကိုင်အဖွဲ့ တွေကိစ္စမှာတရုပ်ရဲ့ သြဇာ၊ တရုပ်ရဲ့ ဝင်စွက်မှုကောမရှိဘူးလား။

“လူမျိုးစုလက်နက်ကိုင်အဖွဲ့တွေရဲ့ထူးခြားချက်အရ ဗမာ ပြည်အတွက် သေနင်္ဂဗျူဟာကျတာက နယ်စပ်ဒေသတလျှောက်မှာ ဒီတပ်ဖွဲ့တွေအခြေစိုက်ထားတယ်၊ ဒီတပ်ဖွဲ့တွေရဲ့ နှစ်ပေါင်းများစွာ ရှည်ကြာတဲ့လက်နက်ကိုင်တိုက်ပွဲမှာ နယ်စပ်အနီး တဖက်နိုင်ငံရဲ့ ပါဝင် စွက်ဖက်မှုကလဲ နယ်စပ်ဒေသတိုင်းမှာတွေ့ရတယ်။ တရုပ်ပြည်အ တွက် ၂ ချက်ရှိတယ်။ (၁) တရုပ်အမျိုးသားလုံခြုံရေးနဲ့ အမျိုးသား အကျိုးစီးပွားအတွက် အင်မတန်အရေးကြီးတယ်။ (၂) ယနေ့လို ကမ္ဘာ ကြီးစီးပွားပျက်ကပ်ဆိုက်နေတဲ့အချိန်မှာ တရုပ်ပြည်အနေနဲ့ပြောရရင် တရုပ်နယ်စပ်က သေရေး ရှင်ရေး နိုင်ငံရေး ပြဿနာတခုမဟုတ် တောင်မှ ဒုတိယတန်းအဆင့် နိုင်ငံရေးအခရာဖြစ်နေတယ်။ အဲဒီ အခြေအနေအောက်မှာ နယ်စပ်ဒေသတည်ငြိမ်ရေးဟာ တရုပ်အတွက် အလွန်အရေးကြီးပါတယ်။ ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ် စေ၊ သူဝင်ရောက်စွက်ဖက်ရမှာဘဲ။ ပါးစပ်ကဘယ်လိုဘဲပြောပြော၊ ရှင်းရှင်းလင်းလင်းဝင်ရောက်စွက်ဖက်ခဲ့တာ လူတိုင်းသိမြင်နေတာဘဲ။ ဗမာပြည်နိုင်ငံရေး ကိစ္စဘယ်သူမှမဖြေရှင်းနိုင်တဲ့ အနေအထား အောက်မှာ နိုင်ငံပေါင်းစုံပါဝင်တဲ့ ကုလသမဂ္ဂကဖြေရှင်းဖို့ ကြိုးစားတဲ့ အချိန်မှာ တရုပ်က ဗီတိုအာဏာသုံးပြီး တားဆီးကန့်ကွက်ခဲ့တယ်။ အဲဒါကို ကြည့်ခြင်းအားဖြင့် ရှင်းနေပါတယ်။ ဗမာပြည်သူတွေအနေနဲ့ ပြောရရင် ၁၀ – ၁၂ နှစ်သားအစ၊ (အထူးသဖြင့်) မန္တလေးက လူတွေ ဒီကိစ္စကို ပိုသိကြပါတယ်။”

**ကျော်မင်းထွန်း** RFA (6/1/2009)

# ဝ အပေါ် စစ်အစိုးရဖိအား အာရုံလွှဲမှုဖြစ်နိုင်

ဗမာစစ်အစိုးရ၏ စစ်ရေးပြင်ဆင်မှုများသည် အပြင်ပန်းအား ဖြင့် အပစ်ရပ် ဝ တပ်ဖွဲ့ဖက်သို့ ဦးတည်သယောင်ယူဆနိုင်သော်လည်း တကယ်တမ်းပစ်မှတ်ထားနိုင်ခြေရှိသည်မှာနအဖကိုဆန့်ကျင်တိုက်ခိုက် နေသည့် သျှမ်းပြည်တပ်မတော်တောင်ပိုင်း SSA သာဖြစ်နိုင်သည်ဟု ဝါရင့်အကဲခတ်များကဆိုသည်။

"ကျုပ်တို့လူကြီးတွေက သျှမ်းတပ်ကို ဝ တပ်နဲ့ပြန်တိုက်စေ ချင်နေတာ။ ဒါပေမဲ့သူတို့ကစိတ်မဝင်စားဘူး။ သူတို့ကိုလက်စသတ် ချင်ပေမယ့် ထပ်ပြီးထိုးစစ်ဆင်မှုတွေလုပ်ရင်လဲ ဝ တပ်ကို သျှမ်းတပ် ဘက် တွန်းပို့သလိုဖြစ်နေမှာ။ တရုပ်ကလည်း ဒီအကြံကို သိပ်မကြိုက် ဘူး (ဝ ကိုထောက်ခံအားပေးနေသလိုဘဲ)"ဟု မိုင်းတုံမြို့ စစ်ဖက်ဆိုင်ရာ အရာရှိတစ်ဦး၏ မကြာသေးခင်ကပြောသွားခဲ့သည်ကို ကိုးကား၍ အဆိုပါ စစ်ရေးစောင့်ကြည့်သူများထဲမှတစ်ဦးက ပြန်လည် ပြောပြ သည်။

အခြားနယ်စပ်စောင့်ကြည့်သူတစ်ဦးကလည်း ထိုအဆိုကို သဘောတူသည်ဟုဆိုသည်။ ၎င်းက "သျှမ်းပြည်တပ်မတော်နဲ့ ဝပြည် သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ မဟာမိတ်ဆက်စပ်မှုဟာလာမဲ့ ၂၀၁၀ ရွေးကောက်ပွဲကို ထိခိုက်ကောင်းထိခိုက်စေနိုင်တယ်။ အထူးသဖြင့် သျှမ်းပြည်ထဲမှာပေါ့။ နောက်ပြီးတဖက်မှာ ဝ ကိုမတိုက်ဘဲ သျှမ်းကို တိုက်မယ်ဆိုရင် သူတို့လုပ်မယ့်ရွေးကောက်ပွဲ နှောင့်နှေးစေနိုင်မယ့် လမ်းစကနည်းနေတယ်လေ" ဟုဆိုသည်။

သျှမ်းပြည်တပ်မတော် SSA ဗိုလ်မှူးကြီးယွက်စစ်ကအဆိုပါ ကိစ္စနှင့်ပက်သက်ပြီးမသေချာသေးကြောင်းဆိုသည်။ "ဘယ်လိုပဲဖြစ်ဖြစ် သူတို့အမြင်သဘောထားတွေကို လွတ်လပ်စွာပြောနိုင်ပါတယ်" – ဟု ပြောသွားသည်။

လွန်ခဲ့သော ဇန္နဝါရီလ ၁၁ နှင့် ၁၃ ရက်က သျှမ်းပြည်တိုင်းချုပ် ဒုဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် သျှမ်းပြည်အရှေ့တောင်ပိုင်း ထိုင်းနယ်စပ် သို့ သွားရောက်သည့်အချိန် အမြောက်တပ်ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်မြဝင်းလည်းပါဝင်ကြောင်း သတင်းရပ်ကွက်ကဆိုသည်။

ထိုသို့သွားရောက်စဉ် မိုင်းတုံမြို့မြောက်ဘက် မိုင် ၄၀ အကွာ မိုင်းဆတ်မြို့သို့ သံချပ်ကာစစ်ကားအစီး ၂၀ ရောက်ရှိလာခြင်းနှင့် တိုက် ဆိုင်နေသည်ဟုဆိုသည်။ UWSA ၏ ၁၇၁ စစ်ဒေသဌာနချုပ်အခြေစိုက် ဟွေ့အော့အနီး အမြောက်တပ်အခြေစိုက်စခန်း တည် ဆောက်နိုင်ရန် UWSA ကို ဖိအားပေးနေခြင်းလည်းဖြစ်သည်ဟု ဆိုသည်။

တချိန်တည်းမှာပင် မိုင်းတုံမြို့နယ် လားဟူပြည်သူ့စစ်တပ်ဖွဲ့ များ အားလည်းပြန်လည်စုဆောင်းဖွဲ့စည်းခိုင်းသည်ဟု ဒေသခံများက ဆိုသည်။ "ဥပမာ မယ့်ကဲန်းကတင်ဝင်းဆိုရင် မိုင်းတုံပြည်သူ့စစ်ခေါင်း ဆောင်အဖြစ်တင်မြှောက်ခံရပြီး နားကောင်းမူးကဂျပီးကွယ်က သူ့ လက်ထောက်အဖြစ်အရွေးခံရတယ်။ သူတို့ကို အင်အားတိုးချဲ့ဖို့ တပ်သားသစ်တွေ စုဆောင်းသင်တန်းပေးဖို့ အမိန့်ပေးထားတယ်"ဟု ၎င်းကပြောပြသည်။



SSA ဗိုလ်မှူးကြီး ယွက်စစ်

တိုင်းချုပ်မင်းအောင်လှိုင်သည် တရုပ်နယ်စပ်အနီး မိုင်းလားနှင့် မိုင်းပေါက်သို့သွားရောက်အစီအစဉ်ရှိကြောင်းသိရသည်။ "သူလာရင် သူ့ပုံစံကချော့တခါ ခြောက်တလှည့်နဲ့လက်နက်ချဖို့တိုက်တွန်းရုံမက ဘူး လက်နက်ချရင် ရမဲ့အကျိုးအမြတ်တွေ မက်လုံးတွေလည်း ပေးတယ်"ဟု ၎င်းကဆိုသည်။

တချိန်ထဲမှာပင် ဝပြည်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ဘက်က လည်း ၎င်း၏စစ်ဘက်အရာရှိများအား ဝမြို့တော်ပန်ဆန်းမြောက်ဖက် လုံထန်တွင် တနှစ်တာကြာသင်တန်း ဖွင့်လှစ်နေကြောင်း သိရသည်။ သင်တန်းသားအရာရှိစုစုပေါင်းအယောက် ၁၈၀ ရှိပြီးသင်တန်း ကျောင်းအုပ်မှာ ဝခေါင်းဆောင် ပေါက်ယိုချန်၏ညီဖြစ်သူ ပေါက်ယိုလျဲန် ဖြစ်သည်ဟုသိရသည်။

ထိုနည်းတူ သျှမ်းပြည်တပ်မတော်တောင်ပိုင်း လွယ်တိုင်းလျဲန်း ဌာနချုပ်တွင်လည်း တပ်သားသစ် ၁၀၀၀ နှင့် အရာရှိ ၁၄၀ အား ထပ်မံ သင်တန်းပို့ချနေကြောင်း ဒေသခံထိုင်းလုံခြုံရေးအရာရှိတဦးထံမှ သိရှိရသည်။

အလားတူပင် သျှမ်းပြည်လူမျိုးစု တော်လှန်ရေးအဖွဲ့အချို့ လည်း လွန်ခဲ့သော ဒီဇင်ဘာလနှောင်းပိုင်းက SSA-S ဌာနချုပ်၌ အစည်းအဝေးထိုင် ဆွေးနွေးခဲ့ကြပြီး သျှမ်းပြည်ကွန်ဂရက်ဖွဲ့စည်းရေး သဘောတူညီခဲ့ကြသည်။

တိုင်းချုပ် မင်းအောင်လှိုင် မိုင်းတုံသို့မရောက်မီ ၂ ရက်အလိုက ကျိုင်းတုံအခြေစိုက် တြိဂံစစ်တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဖြိုး အရင်သွား ရောက်ခဲ့သည်ဟု သတင်းရပ်ကွက်ကပြောသည်။ ❑

# ၂၀၁၀ မှာ DKBA နယ်ခြားစောင့်တပ်အသွင်ပြောင်းမည်



DKBA ငြိမ်းချမ်းရေး အဖွဲ့မှ စစ်ကြောင်းများ

Photo : website

နအဖက DKBA ကို လူမျိုးစုလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အဖြစ်ကနေ နအဖလက်အောက်ခံ နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းပေးမယ်လို့ပြီးခဲ့တဲ့အပတ်က ထိုင်းနယ်စပ်အနီးကုက္ကိုလ်ရွာမှာ ကျင်းပတဲ့အခမ်းအနားတခုမှာ ဗျူဟာမှူး ဗိုလ်မှူးစောချစ်သူ က ပြောပါတယ်။

“လာမဲ့ ၂၀၁၀ မှာ ကျနော်တို့ DKBAတပ်ကို နယ်ခြားစောင့်တပ်အသွင်ပြောင်းသွားမယ်။ နယ်ခြားစောင့်တပ် အသွင်ပြောင်းတဲ့အခါမှာ တပ်မတော်စည်းမျဉ်းစည်းကမ်းအတိုင်း ကျနော်တို့လုပ်ဆောင်သွားရမယ်” လို့ ၉၉၉ အခြေချတပ်မဟာမှူး ဗိုလ်မှူးကြီးစောချစ်သူက ပြောတဲ့အကြောင်း အခမ်းအနားတက်ရောက်ရတဲ့ ကရင်အမျိုးသားတဦးက ပြန်ပြောပြပါတယ်။

အဲလို DKBA ကို နယ်ခြားစောင့်တပ်အဖြစ်ပြောင်းလဲရေးနဲ့ ပတ်သက်ပြီး DKBA ထိပ်ပိုင်းခေါင်းဆောင်တချို့က နေပြည်တော်မှာ နအဖ အကြီးတန်းအရာရှိတွေနဲ့ ဆွေးနွေးသဘောတူခဲ့တယ်လို့ DKBA အရာရှိတွေက ပြောပါတယ်။ ဝေဖန်သူတချို့ကတော့ နအဖက ဒီလိုပုံစံနဲ့ DKBA ကို နယ်ခြားစောင့်တပ်အဖြစ်ပြောင်းလဲတာကို လက်မခံနိုင်တဲ့၊ စိတ်ဓါတ်ပြင်းထန်သူ DKBA တချို့ပြန်ပြီးတောခိုလာနိုင်တယ်လို့ပြောကြားတာရှိပါတယ်။ ဒါပေမဲ့ ကုန်သည်အသိုင်းအဝိုင်းကတော့ DKBA ထဲက အတော်များများဟာလက်ရှိမြို့ကြီး ပြကြီးထဲ အာဏာနဲ့အခွင့်အရေးတွေရထားတဲ့အဖြစ်ကနေ နယ်စွန်နယ်ဖျားတောထဲတောင်ထဲမှာ မိသားစုနဲ့ဒုက္ခရောက်တဲ့ဘဝမျိုးပြန်သွားမှာ မဟုတ်ဘူးလို့ ပြောဆိုမှုတွေလဲရှိနေပါတယ်။

DKBA ဟာ ၁၉၉၄ ကတည်းက KNU ထဲမှာ ခရစ်ယာန်နဲ့ ဗုဒ္ဓဘာသာအခြေခံတဲ့ ပဋိပက္ခဖြစ်ပြီးတော့ ဗုဒ္ဓဘာသာကိုးကွယ်တဲ့ KNU စစ်သားတွေ KNU နဲ့ခွဲထွက်ပြီး နအဖနဲ့ပူးပေါင်းသွားပါတယ်။ KNU ကနေ ခွဲထွက်စတုန်းက DKBA ဟာ ကရင်လူမျိုးတွေရဲ့ အခွင့်အရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စတဲ့အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်မယ်လို့ ကျေငြာခဲ့ပေမဲ့ အခုတော့ နအဖရဲ့ လက်နက်ကိုင်ဝန်ထမ်းအဖြစ်နဲ့သာ ရပ်တည်ခွင့်ရတော့မှာ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ဦး** BBC 11/01/09

# မွန်ပြည်သစ်ပါတီက နအဖ အခြေခံဥပဒေကိုလက်မခံ

နအဖ အစိုးရနဲ့ အပစ်ခတ်ရပ်စဲထားပြီး အင်အားတောင့်တင်းတဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တဖွဲ့ဖြစ်တဲ့ မွန်ပြည်သစ်ပါတီက လက်ရှိအစိုးရကပြဋ္ဌာန်းထားတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပယ်ချလိုက်ပါတယ်။

17/01/2009 ကကျင်းပပြီးစီးသွားတဲ့မွန်ပြည်သစ်ပါတီညီလာခံကနေ အထွေထွေအတွင်းရေးမှူးအဖြစ် ပြန်လည်ရွေးချယ်ခံရတဲ့ နိုင်ဟံသာက–“လက်ရှိဖွဲ့စည်းပုံအပေါ်မှာအစကတည်းက ကျနော်တို့ကိုယ်တိုင်ကိုယ်ကျ ပါဝင်ထားတာမဟုတ်ဘူး။ဆွေးနွေးပြင်ဆင်မှုတွေ လုပ်လို့လည်းမရဘူးဆိုတော့ အဲဖွဲ့စည်းပုံကိုကျနော်တို့လက်ခံလို့ရမှာ မဟုတ်ဘူး။ ဒါကြောင့်ဖွဲ့စည်းပုံဆိုင်ရာ နောက်ဆက်တွဲကိစ္စ ကိုလည်း ကျနော်တို့လက်ခံလို့ရမှာမဟုတ်ဘူး။”

စစ်အစိုးရတောင်းဆိုထားတာကတော့ မွန်အမျိုးသားတပ်မတော်ကို သူတို့လက်အောက်ထားရှိရေးနဲ့ မွန်ပြည်သစ်ပါတီရွေးကောက်ပွဲဝင်ရေးဖြစ်ပါတယ်။

“စစ်အစိုးရဖွဲ့စည်းပုံကိုလက်မခံလို့ ကျနော်တို့အပေါ် အရေးယူလာဖို့တော့ အတိအကျပြောလို့မရသေးဘူး။ ကျနော်တို့ကတော့ နဂို ချမှတ်ထားတဲ့လမ်းစဉ်ပေါ်မှာဘဲ ခိုင်ခိုင်မာမာရပ်တည်သွားမယ်”–လို့ နိုင်ဟံသာ က ဆက်ပြောပါတယ်။

သုံးနှစ်တစ်ကြိမ်ကျင်းပတဲ့ ၇ ကြိမ်မြောက် မွန်ပြည်သစ်ပါတီ ညီလာခံကနေ လူငယ်ပိုင်းဆိုင်ရာ လူငယ့်အဖွဲ့ခေါင်းဆောင်ကိုလည်း ရွေးကောက်တင်မြောက်နိုင်ခဲ့တယ်လို့သိရပါတယ်။

နအဖ နဲ့ အပစ်ခတ်ရပ်စဲရေးကို ၁၉၉၅ က သဘောတူခဲ့တဲ့ မွန်ပြည်သစ်ပါတီဟာ အမျိုးသားညီလာခံကို ၂၀၀၄ က စပြီး ကိုယ်စားလှယ်စေလွှတ်ခဲ့ပေမယ့် လွတ်လွတ်လပ်လပ်ဆွေးနွေးခွင့် မရတာ ကြောင့် ၂၀၀၆ မှာ ညီလာခံကနေ ကိုယ်စားလှယ်တွေနုတ်ထွက်ခဲ့ပြီး လေ့လာသူအဖြစ်သာတက်ရောက်ခဲ့ပါတယ်။

**ဦးသန်း** (BBC 18/01/09)

# ညောင်ရွှေဟော်နန်းအား စစ်အစိုးရက ဗုဒ္ဓပြတိုက်အဖြစ်ပြောင်းလဲ

ညောင်ရွှေမြို့ (ယခင်ညောင်ရွှေစော်ဘွားဟော်နန်း) သမိုင်းပြတိုက်ကို ဗမာစစ်အစိုးရက ဗုဒ္ဓပြတိုက်အဖြစ်ပြောင်းလဲလိုက်ကြောင်း ဒေသခံသတင်းရပ်ကွက်က ဆိုသည်။



ညောင်ရွှေစော်ဘွားဟော်နန်း

လွန်ခဲ့သော မေလ ၂၀၀၈ က နန်းတော်တွင်း၌ ခင်းကျင်းပြသထားခဲ့သော သျှမ်းစော်ဘွားများ၏အသုံးအဆောင် လက်ဝတ်တန်ဆာများဖြစ်သည့် ဝတ်ရုံများ၊ ယွန်းထည်ပစ္စည်းများ၊ ရှေးဟောင်းလက်နက်ကြီးများနှင့် စော်ဘွားပလ္လင်များအပါအဝင် ရှေးဟောင်းပစ္စည်းများ မရှိတော့ဘဲ ဘုရားဆင်းတုတော်များကိုသာတွေ့မြင်ရကြောင်း ဒေသခံတစ်ဦးက ပြောသည်။

"ပစ္စည်းတွေဘယ်ရောက်ကုန်လဲတော့မသိဘူး။ အခုအဲဒီမှာ သူတို့ယူလာတဲ့ဘုရားဆင်းတုတော်တွေဘဲရှိတယ်"ဟု သူကဆိုသည်။ "အဲဒီဘုရားတွေ အရင်ကမမြင်ဖူးဘူး၊ ဘယ်ကယူလာတာလဲမသိဘူး" ဟု ဆက်၍ပြောသည်။

ဟော်နန်းအတွင်းရှိမူလရှေးဟောင်းပစ္စည်းများကို အာဏာပိုင်တို့ နေပြည်တော်သို့သယ်ဆောင်သွားကြောင်း ဒေသခံများကပြောသည်။

မူလသျှမ်းဘာသာအမိပ္ပါယ် ယောင်ဟွေ့ (ချိုင့်ဝှမ်းရှိစပါးကျီ)မှ ညောင်ရွှေဟု ဗမာမှုပြုအသံဖလှယ်လိုက်သော ၎င်းမြို့သည် သျှမ်းစော်ဘွားများ အုပ်ချုပ်သည့်ပြည်နယ်မြို့တော်များအနက် ရှေးအကျဆုံးမြို့တစ်မြို့ဖြစ်သည်။ ခရစ်နှစ် A.D ၁၃၅၉ ကတည်းက တည်ထောင်ခဲ့ သော သျှမ်းစော်ဘွားပြည်နယ်တခု၏ ခေတ်အဆက်ဆက်မိရိုးဖလာ အဖိုးတန်ရှေးဟောင်းပစ္စည်းထားရှိရာ အဆိုပါ ယောင်ဟွေ့ဟော်နန်းကို မဆလခေတ်ကတည်းက သမိုင်းပြတိုက်အဖြစ် ပြောင်းလဲခဲ့သည်။

ယောင်ဟွေ့နယ်ကိုအုပ်စိုးခဲ့သောနောက်ဆုံးမင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပထမဦးဆုံးသမ္မတဖြစ်သူ သတိုးမဟာသရေစည်သူ စဝ်ရွှေသိုက်ဖြစ်၏။ ၎င်း၏ကြင်ယာတော်ကား သျှမ်းပြည်တပ်မတော် SSA ကိုဦးဆောင်တည်ထောင်ခဲ့သူ မဟာဒေဝီ စဝ်နန်းဟိန်းခမ်း ဖြစ်သည်။

အလားတူပင် သျှမ်းပြည်မြောက်ပိုင်း သီပေါစော်ဘွားစဝ်ကြာဆိုင်၏ဟော်နန်းကိုလည်း စစ်အာဏာပိုင်များက မည်သူမှမဝင်ရအမိန့်ဖြင့်ချိတ်ပိတ်လိုက်ပြီဖြစ်ကြောင်း ဒေသခံများကပြောသည်။ ❑



သီပေါဟော်နန်း



ကျိုင်းတုံဟော်နန်း

## လူ့အခွင့်အရေး

# အင်ဒီဖဲန်းဒဲန့်စာစောင်ဖတ်သူ မူဆယ်ဒေသခံ အဖမ်းခံရ



သျှမ်းသံတော်ဆင့်သတင်းဌာနမှထုတ်သော အင်ဒီဖဲန်းဒဲန့် (ဂွဏ်းခေါ် ) စာစောင်လက်ဝယ်ရှိသူ မူဆယ်ဒေသခံတဦးအား လိုင်စင်မဲ့ ဆိုင်ကယ်စစ်ဆေးစဉ် ရှာဖွေတွေ့ရှိရာမှ နအဖအာဏာပိုင်တို့ ဖမ်းဆီးအရေး ယူခဲ့ကြောင်း တရုပ် နယ်စပ်သတင်းရပ်ကွက်ကဆိုသည်။

ဂျန္နဝါရီ ဖ ရက်က မူဆယ်ခရိုင် စယ်လန့်မြို့ ဟိုလောင်းရွာသား စိုင်းအောင်ခမ်း (၄၄ နှစ်) ၏ ဝစ်သောက်ဆိုင်ကယ် ခြင်းတောင်းအတွင်း သျှမ်းသံတော်ဆင့် သတင်းဌာနမှ ထုတ်ဝေသော အင်ဒီဖဲန်းဒဲန့် (ဂွဏ်းခေါ် ) စာစောင်တွေ့ရှိ သောကြောင့် ၎င်းအား သျှမ်းသူပုန် နှင့် အဆက်အသွယ်ပြုသူဟုဆိုကာ နအဖအာဏာပိုင်များ ဖမ်းဆီးအရေး ယူ ထားကြောင်း မူဆယ် မြို့ခံများကဆိုသည်။

အသက် ၃၀ ကျော် နမ့်ခမ်း ကုန်သည်တဦးကလည်း – "အာဏာပိုင်တွေ စိုင်းအောင်ခမ်းရဲ့လက်ကိုင်ဖုန်းထဲက ဖုန်းနံပါတ် ဖ၀ ကျော် စစ်ဆေးပြီး တပတ်လောက်ကြာတော့ သူတို့ သင်္ကာမကင်းတဲ့ ၃–၄ ယောက်ကို ထပ်ဖမ်းတယ်။ စိုင်းအောင်ခမ်းလဲ လားရှိုးစစ်တိုင်းရုံးကိုပို့လိုက်ပြီလို့ပြောတယ်"– ဟုဆို၏။

အသက် ၂၀ ကျော် ဘွဲ့ရလူငယ်တဦးကလဲ –"ဂွဏ်းခေါ် စာစောင်က ကျနော်တို့အမြဲဖတ်ချင်တဲ့စာစောင်၊ ပြည်တွင်းမှာဖော်ပြခွင့် ဖတ်ခွင့်မရတဲ့သတင်းတွေဆောင်းပါးတွေ နအဖ လူ့အခွင့်အရေး ချိုးဖေါက်တဲ့သတင်းတွေ သျှမ်း–ဗမာ နှစ်ဘာသာထုတ်ဝေတော့ လူတွေကဖတ်ချင်ကြတယ်။ ဗမာအာဏာပိုင်တွေအတွက်တော့ မတရားသင်းအုပ်စုတွေ ရဲ့ အဖျက်အမှောင့်ဝါဒ ဖြန့်စာစောင်ပေါ့၊ ဖတ်တဲ့သူကို သျှမ်းသူပုန်နဲ့အဆက်အသွယ်လုပ်တယ်လို့စွပ်စွဲတယ်၊ စိုင်းအောင်ခမ်းကိုလဲ အဲလိုဘဲ စွဲချက်တင်မှာဘဲ"– ဟုဆို၏။

လွန်ခဲ့သော ၁၀ နှစ်ခန့်ကလည်း မူဆယ်ဒေသခံ လူငယ်တဦး အင်ဒီဖဲန်းဒဲန့်စာစောင်ဖတ်ရှုမှုကြောင့် ထောင်ဒဏ် ၂ နှစ် ဖမ်းဆီးအပြစ်ပေးခံရသည့်အပြင်၊ တာချီလိတ်မြို့ခံတဦးအားလဲ ထိုစာအုပ်နှင့် အတူပြစ်မှုထင်ရှားသည်ဟုစွပ်စွဲကာ ထောင်ဒဏ် ၁၀ နှစ် နအဖ အာဏာပိုင်တို့စီရင်ချက် ချခဲ့ဖူးသည်။ ❑

## စစ်ရေး

# ဗမာစစ်တပ် နှင့် SSA တိုက်ပွဲသတင်းကို Tai Freedom ဝက်ပ်ဆိုက်၌ ထုတ်ပြန်

သျှမ်းပြည်အလယ်ပိုင်း/တောင်ပိုင်းတဝိုက် နအဖ နှင့် SSA တို့ရင်ဆိုင်ဖြစ်ပွားခဲ့သောတိုက်ပွဲသတင်းများကို သျှမ်းပြည်တပ်မတော် SSA လွယ်တိုင်းလျှံန်းဌာနချုပ်၏ Tai Freedom ဝပ်ဆိုဒ်စာမျက်နှာ၌ ထုတ်ပြန်ကြေငြာခဲ့သည်။

ဂျန္နဝါရီ ၁၂ ရက်က လဲချားအခြေစိုက် ခလရ ဖ၄၊ ပင်လုံအခြေစိုက် ခမရ ၅၁၃ နှင့် SSA-S တပ်ဖွဲ့တဖွဲ့တို့ မိုင်းကိုင်မြို့အနောက်ဘက်၌ နံနက် ၉း၀၀ နာရီ မှ ၁၃း၀၀ နာရီအထိ ထိပ်တိုက်တိုက်ပွဲဖြစ်ပွားခဲ့ရာ နအဖဘက်မှ ၁ ယောက်သေဆုံးပြီး ၅ ယောက် ဒဏ်ရာရခဲ့သည်ဟုဆို၏။ SSA ဘက်က ရဲဘော်တယောက် ဒဏ်ရာ အနည်းငယ်ရကြောင်းဖော်ပြထားသည်။ ၁၃ ရက်နေ့ကလည်း ပင်လုံမြို့အနောက်မြောက်ဘက်တွင်တကြိမ်၊ ဟိုပုံးမြို့နယ်အတွင်း၌တကြိမ် တိုက်ပွဲများဆက်ဖြစ်ခဲ့သေးကြောင်းလဲဖေါ် ပြသည်။

တိုက်ပွဲပြီးဆုံးသည့်နောက်ပိုင်း သျှမ်းသူပုန်များ၏ လှုပ်ရှားမှုကိုသိလျက်နှင့်သတင်းမပေးရကောင်းလားဟုဆိုကာ ပြစ်ဒဏ်ပေးသည့်အနေဖြင့် မိုင်းကိုင်မြို့ အနောက်ဘက် ရပ်စောက်မြို့နယ် မိုင်းယွန်းအုပ်စုဟွေ့ဟျိုးရွာ ကျေးလက်လူထု၏ ပစ္စည်းဥစ္စာများကို နအဖ စစ်တပ်ကလုယက်ဖျက်စီး သိမ်းကြုံးယူဆောင် သွားကြကြောင်း ဖော်ပြထားပါသည်။ ❑

**သဘာဝပတ်ဝန်းကျင်**

# ဒေသခံများအား ဈေးကြီးတယ်ဆဲ့နစ် ရွှေလီရေအားလျှပ်စစ်မီး

# ဈေးပေးနိုင်မည်ဟု ခန့်မှန်း

သျှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ် မန်တပ်ကျေးရွာအနီး ရွှေလီမြစ်ကိုပိတ်ဆို့၍ ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း တည်ဆောက်လာရာလာမည့် ၂၀၀၉ ဇွန်လ ၃၀ ရက်တွင်ပြီးဆုံးမည်ဖြစ်၍ သြဂုတ်စ်လကုန်ပိုင်းတွင် မီးစတင်ပေးနိုင်မည်ဟု အဆိုပါရေအားလျှပ်စစ်တည်ဆောက်နေသည့် တရုပ်ကုမ္ပဏီကခန့်မှန်းထားသည်။

ဗမာဘက်မှ အမှတ် (၁) လျှပ်စစ်ဝန်ကြီးဌာနမှလည်း အကြီးတန်းနှင့်အငယ်တန်း ဝန်ထမ်းနေရာများအတွက် လျှောက်လွှာပုံစံများဖြင့်ဝန်ထမ်းနေရာအတွက် စတင်ခေါ်ယူနေပြီဖြစ်ကြောင်း၊ အဓိကအားဖြင့် ဒေသခံစစ်တပ်တွင်းမိသားစုများမှ ဘွဲ့ရပညာတတ် အသိုင်းအဝိုင်းကို ဦးစားပေးခေါ်ယူခြင်းဖြစ်ကြောင်း၊ ဒေသခံစစ်တပ်မိသားစုနှင့် နီးစပ်သူတစ်ဦးက သျှမ်းသံတော်ဆင့်ကိုပြောသည်။



ရွှေလီမြစ်

ယခုဝန်ထမ်းခေါ်ယူနေခြင်းသည် သာမာန်ညစောင့်အဆင့်မှ မန်နေဂျာရာထူးအထိခေါ်နေခြင်းဖြစ်ပြီး လစာအနေဖြင့် အနည်းဆုံး ၁ သောင်းခွဲ လောက်ကနေစရမည်ဖြစ်၏။ ၁၀ တန်းအောင်အဆင့်မှ ဘွဲ့ရအထိ အဆင့်ခွဲခြားကာ နေရာများကိုလည်းသတ်မှတ်ထားကြောင်း သိရသည်။

၎င်းရွှေလီရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မှုပြီးစီးသည့်အခါ တစ်နှစ်လျှင်မီဂါဝပ်သန်း ၄၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ယခုတည်ဆောက်နေမှုသည် ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်းသိရ သည်။

ပြီးစီးသည့်အခါ ၂၃၀ ဗို့လိုင်းဖြင့် ဗမာပြည်အတွင်းပိုင်းမြို့ မန္တလေးနှင့် သျှမ်းပြည်မြောက်ပိုင်း လားရှိုး၊ နမ့်ခမ်းမြို့များသို့ ပို့ဆောင်ကာ ၂၂၀ ဗို့လိုင်းဖြင့် တရုပ်ပြည်အတွင်းပိုင်းသို့ ဓါတ်အားများပို့ဆောင်မည်ဖြစ်သည်။

မတ်လ ၂၉ ရက် ၂၀၀၇ တွင် ယူနန်ပြည်နယ်အစိုးရနှင့် ဗမာအာဏာပိုင်များအကြား အမေရိကန်ဒေါ်လာ ၃.၆ သန်း စီမံကိန်းအတွက် အရင်းအနှီးထုတ်ကာ ပထမဆုံးဆိုင်းဘုတ်တင်ပွဲပြုလုပ်ကျင်းပခဲ့ပြီး ယခုနှစ်သြဂုတ်စ်လ ၃၁ ရက်နေ့၌ လျှပ်စစ်ဓါတ်အား စတင်စမ်းသပ်ထုတ်လွှင့်လျက်ရှိသော်လည်း ဖြန့်ဖြူးခြင်းမရှိသေးကြောင်း သိရသည်။

စစ်အစိုးရဝန်ကြီးချုပ်သိန်းစိန် တရုပ်ပြည်ခရီးစဉ်တွင် အရင်းအနှီးနှင့်အတတ်ပညာမရှိသဖြင့် လျှပ်စစ်မီးလိုအပ်ချက်အတွက် တရုပ်ဘက်မှ အကူအညီပေးရန်ပန်ကြားခဲ့ကြောင်း၊ ဗမာစစ်အစိုးရဘက်မှ ၂% သာ အရင်းအနှီးစိုက်ထုတ်နိုင်ကြောင်း၊ ဘီအိုတီစနစ်ဖြင့်လုပ်ရန် ကြိုဆိုကြောင်း ပြောကြားခဲ့သည်ဟု တရုပ်အာဏာပိုင်များနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

ရွှေလီရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်မှုကို ယူနန်လုံ့ဟယ် လျှပ်စစ်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်နှင့်မြန်မာ အမှတ် ၁ လျှပ်စစ်ဝန်ကြီးဌာနတို့ ၂၀၀၃ သြဂုတ်စ် ၈ ရက် ရန်ကုန်၌ လက်မှတ်စတင်ထိုးကာ ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၅၁ သန်းဖိုးရှိကြောင်းသိရသည်။ ❑

# ဒေသခံများအား အသိမပေးဘဲ
# ကျိုင်းတောင်း ရေအားလျှပ်စစ်ဖွင့်လှစ်

စစ်အာဏာပိုင်များသည် သျှမ်းပြည်တောင်ပိုင်း မိုးနဲမြို့နယ် ကျိုင်းတောင်း ရေအားလျှပ်စစ်ဖွင့်ပွဲအခမ်းအနားသို့ ဒေသခံပြည်သူများအားဆင့်ခေါ် အသိပေးခြင်းမရှိဘဲ ဖွင့်လှစ်ခဲ့ကြောင်း ဒေသခံများထံမှသိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရပခတိုင်းမှူးဗိုလ်မှူးချုပ်ရာပြည့်နှင့်အဖွဲ့က လွန်ခဲ့သော ဒီဇင်ဘာလ ၃၀ ရက်က သွားရောက်ဖွင့်လှစ်ပေးခဲ့သည်ဟုသိရသည်။

"ရဟတ်ယဉ်နဲ့သူတို့အဲဒီတိန်းချောင်းရေတံခွန်အထိ သွားပြီးဖွင့်ပွဲလုပ်တာ" ဟု အမည်မဖော်လိုသူ ဒေသခံရွာသားတစ်ဦးက ပြောပါသည်။

ဟု ၎င်းကပြောသည်။

၂၀၀၄ ကဒေသခံအရာရှိ ဗိုလ်မှူးကြီးတင့်လွင်ကကျိုင်းတောင်း ရေအား လျှပ်စစ်ဓါတ်အားပေးစက်ရုံမှ သျှမ်းပြည်တောင်ပိုင်းတခွင်လုံး လျှပ်စစ်ဓါတ်အားဖြန့်ဝေပေးမည်ဟု ဒေသခံလူထုအား မစားရဝခမန်း ပြောကြားခဲ့ကြောင်း ၂၀၀၄ သျှမ်းသတင်းစဉ်တခု၌ ဖော်ပြခဲ့ဖူးသည်။ ယခုလည်း ငွေများထပ်မံလာရောက်ကောက်ခံဦးမည်ကို ရွာသားများ စိုးရိမ်နေကြသည်။ ကျိုင်းတောင်းမြို့နယ်ခွဲမှ ပြည်သူများသည် ရေအား လျှပ်စစ်စီမံကိန်းအတွက် ၂၀၀၈ ဇန္နဝါရီလကတည်းက မရသေးသော လျှပ်စစ်ဓါတ်အားဘိုး ငွေပေးဆောင်နေရခြင်းဖြစ်သည်။




သို့သော်လည်းဖွင့်ပွဲမကျင်းပခင် တပတ်အလိုကဒေသခံ လျှပ်စစ်ဌာနမှအရာရှိများသည် ရွာသားများထံမှမီတာဘောက်စ်ကြေးနှင့်ဝါယာကြိုးဖိုးအတွက် တအိမ်ကျပ် ၄ သိန်း ကောက်ခံထားသည်ဟုဆိုသည်။ တည်ဆောက်ခဲ့သည့်အချိန်မှစပြီး ရွာသူရွာသားများအဘို့ ယနေ့တိုင် မည်သည့်လျှပ်စစ်ဓါတ်အားမှမရရှိသေးဟု ရွာသားတဦးကပြောသည်။

"ဒီဖွင့်ပွဲလုပ်တဲ့နေ့မှပဲ လျှပ်စစ်ဓါတ်အား စတင်ဖြန့်ဝေပေးတာဖြစ်တယ်။ဖွင့်ပွဲမတိုင်ခင်အထိ ရွာမှာမီးလင်းတာတခါမှမမြင်ဖူးဘူး။ ဒါလည်း တသက်လုံးခံမလားခဏလေးဘဲခံမလားမသေချာသေးပါဘူး"

အာဏာပိုင်များသည် ၂၀၀၈ မတ်ချလ ၂၁ ရက် တပေါင်းလပြည့်နေ့ ဖွင့်ပွဲအခမ်းအနား ကျင်းပရန်စီစဉ်ထားခဲ့ကြသည်။ ဖွင့်ပွဲရံပုံငွေများရရှိရေးအတွက်လည်း ဒေသခံများအား လောင်းကစားဝိုင်းဖွင့်ခွင့်ပေးခဲ့သည်။ လောင်းကစားဝိုင်းများမှ တရက်လျှင် အခွန်ငွေကျပ် ၂သိန်း ကောက်ခံရရှိသည်ဟု ဖေဖော်ဝါရီလသျှမ်းသံတော်ဆင့်မှ သတင်းဖော်ပြခဲ့ပြီးဖြစ်သည်။

ကျိုင်းတောင်း(နမ့်တိန်း) ရေအားလျှပ်စစ်ဓါတ်အားပေး စက်ရုံကို ၂၀၀၁ နိုဝင်ဘာ ၁၉ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၈ ဇန္နဝါရီလကုန်ပိုင်းကမှ အပြီးသတ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။❏

**လူငယ်**

# အမှောင်ထဲမှ ဖယောင်းတိုင်များ




အဖိနှိပ်ခံမြန်မာပြည်သူများ၊ အထူးသဖြင့် အသက်အရွယ်နုငယ်သေးသူ တောင်ပေါ်တိုင်းရင်းသားလူငယ်များ အဘယ့်ကြောင့် အုပ်ချုပ်သူ စစ်အစိုးရအဆက်ဆက်အား ဆန့်ကျင်တိုက်ခိုက်သည့် လက်နက်ကိုင်တိုက်ပွဲ အတွင်းပါဝင်လာကြသနည်း?။ ၎င်းပုစ္ဆာ၏ တစိတ်တဒေသကို အောက်ပါ SSSNY ကျောင်းသူ/သားများ၏ ဒိုင်ယာရီ(ဆောင်းပါးဝတ္ထုတို) ပေါင်းချုပ် စာအုပ်က အဖြေပေးနိုင်မည်ဖြစ်၏။

**အမှောင်ထဲမှ ဖယောင်းတိုင်များ** – စာအုပ်မှာ သိပ်မထူလှ။ ၁၅၈ မျက်နှာသာရှိ၏။ ကမ္ဘာကျော်တိုင်းမ်မဂ္ဂဇင်း၏ ၂၀၀၁ အတွင်း အာရှသူရဲကောင်းစာရင်းဝင် နန်းချမ်တောင်း ဦးဆောင်သော သျှမ်းပြည်တိုင်းရင်းသား လူငယ်များကျောင်း SSSNY မှ ကျောင်းသူ/သားများ ဝိုင်းဝန်းရေးသားပြုစုခဲ့ကြသည့် လက်ရွေးစင်စာစီစာကုံး ဆောင်းပါး ပေါင်းချုပ်စာအုပ်ဖြစ်သည်။ နိုဘယ်ငြိမ်းချမ်းရေးဆုရှင်တဦးဖြစ်သူ ဂျိုဒီဝီလျံ နိဒါန်းရေးပြီး ကူညီတည်းဖြတ်သူ ပရိုဂရမ် ဆရာ*ဂျိမ်မာနေ ဗေဇကဲန်ဇန်စကီ* ကလည်း မိတ်ဆက်အမှာစာ တင်ပြထား၏။ အခါ၊ ကချင်၊ ကယန်း၊ လားဟူ၊ ပအိုဝ်း၊ သျှမ်းကျောင်းသူ/သားများ၏ ဆောင်းပါးများမှာ ပျမ်းမျှ ၄ မျက်နှာခန့်ရှည်လျား၏။ ၎င်းတို့၏ (ဗမာပြည်တွင်းဆိုင်ရာ) ခံစားချက်လက်ရာကို မြည်းစမ်းဖတ်ရှုလိုက်ပါက အောက်ပါအကြောင်းအရာများ အဓိကပါဝင်သည်ကိုတွေ့ရသည်။

❑**ပညာရေး** (တနှစ်ပတ်လုံးအတွက် သင်ရိုးညွှန်းတမ်းကို ၁၀ ရက်နှင့်အပြီး သင်ကြားရပုံ။ စာ ၉၉)

❑**သဘာဝပတ်ဝန်းကျင်** (မိုင်းရှူးပတ္တမြားမြေတွင် စိမ်းလန်းသော သစ်တောများပြောင်သလင်းခါ သွားသောကြောင့် ဆောင်းတွင်း၌ ပင်ပူအိုက်နေပုံ – စာ ၁၁၁ )

❑**မြေမြှုပ်မိုင်းများ** (၎င်းတို့မြှုပ်ထောင်ထားသော တောလမ်းအတိုင်း ကံကောင်းထောက်မစွာ မည်သို့ ဖြတ်သန်းလျှောက်လာခဲ့ပုံကို ဝ တပ်ဖွဲ့က တအံ့တသြမေးမြန်းပုံ – စာ ၁၀၉)

❑**နအဖတပ်ဖွဲ့ဝင်စစ်သားအချို့** လည်း သနားညှာတာတတ်သူ ဆင်ခြင်တုံတရားရှိသူများပါဝင်နေပုံ (စာ – ၂၀ )

❑**စာပေယဉ်ကျေးမှု** ရေးရာနှင့်တခြားစိတ်ဝင်စားဘွယ်ရာများ (စာ ၂၃ ၊ ၇၁၊ ၁၂၄ )

အများဆုံးပါဝင်သော အကြောင်းအရာများမှာ – အဓမ္မနေရာရွှေ့ပြောင်းခိုင်းခြင်း၊ ကျေးလက်လူထု ရပ်ရွာ အိမ်ခြေ များ မီးရှို့ခံရခြင်း၊ ပေါ်တာလိုက်ရခြင်း၊ အဓမ္မလုပ်အားပေးရခြင်း၊ အကြောင်းမဲ့ပစ်သတ်ခံရခြင်း၊ မုဒိန်းကျင့်ခံရခြင်း စသည့် နအဖစစ်တပ်ကျူးလွန်သော လူ့အခွင့်အရေးချိုးဖေါက်မှုများဖြစ်၏။ **“ကျနော့်ဘဝ၏အိပ်မက်ဆိုးများ”** အမည်ရှိဆောင်းပါးက သင့်အားမည်သို့သောခံစားမှုကိုမျှ မဖြစ်စေပါက သင့်အဖို့မိမိကိုယ်မိမိ ဗမာစစ်တပ်ထိပ်တန်းဗိုလ်ချုပ်ကြီးများနည်းတူ သံမဏိနှလုံးသားရှိသူအဖြစ်သတ်မှတ်ချီးကျူးသင့်သည်။

ဘာသာရေးကိုင်းရှိုင်းသူ ရောင်းရင်းတယောက်က – ဗုဒ္ဓ၏ မိမိကိုမတရားညှဉ်းဆဲသူကိုပင် မေတ္တာပို့သင့်ကြောင်း အဆိုအမိန့်ကို စာဖတ်ယင်း မိမိကိုယ်ကို သတိပေးနေရကြောင်းပြောပြသည်။

အမှောင်ထဲမှ ဖယောင်းတိုင်များစာအုပ်ကိုတအုပ်လျှင် ဘတ် ၁၀၀ နှုန်းဖြင့် ၁၈/၁၂/၂၀၀၈ မှ စတင်ဖြန့်ဝေရောင်းချခဲ့၏။ အချက်အလက်များထပ်မံသိရှိလိုပါက www.sssny.org ဝက်ပ်ဆိုဒ်ကို ဆက်သွယ်နိုင်ပါကြောင်း။ ❑

**ကမ္ဘာ့စီးပွါးကပ်ဆိုက်၊**
**ဗိုလ်သန်းရွှေတို့တော့**
**ဗိုက်မှောက်တိုက်ဆောက်**



ဆောင်းပါး

# ထိုးတို့ အာဏာအတွက် ဟန်ပြရွေးကောက်ပွဲ

ဗမာစစ်တပ်လိုလားသူ ပြည်တွင်းရှိ လက်ဝေခံအဖွဲ့တချို့က တော့ လာမည့် (၂၀၁၀) ခုနှစ်တွင် ကျင်းပပေးမည့် ရွေးကောက်ပွဲသည် လွပ်လပ်ပြီး တရားမျှတမှုရှိမည်ဟု အလံရှူးလုပ်ပြီးကြိုတင်ဟောကိန်း ထုတ်နေကြသည်။

ဗမာပြည်နိုင်ငံရေးမကျွမ်းကျင်သူများနှင့် ဗမာစစ်တပ် အကြောင်း ခရေစေ့တွင်းကျ မသိကြသည့် နိုင်ငံခြားသားများအပါအဝင် မြန်မာပြည်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီ တို့ကပါ ထိုနည်းနှင်နှင် လာမည့်ရွေးကောက်ပွဲလွပ်လပ်ပြီး တရားမျှတ မှုရှိရန် တောင်းဆိုချက်တစ်ရပ်ကိုပင် ဗမာစစ်ခေါင်းဆောင်များထံ လေသံ ပစ်နေသည်ကို တွေ့မြင်နေရသည်။




Photo : website

ထူးခြားသည်က မြန်မာပြည်တွင်းရှိ လုပ်ကုံထံကြေးရေတက်ပိုင်း နှင့်နိုင်ငံရေးနားလည်သူများကတော့ ဗမာစစ်အုပ်စုကကျင်းပပေးမည့် ၂၀၁၀ ရွေးကောက်ပွဲကို ဒီမိုကရေစီအတွက်ကျင်းပသည့် ရွေးကောက် ပွဲဟုမမြင်ကြ။ သူတို့ပြောနေကြတာကတော့ စစ်တပ်တရားဝင် အုပ်ချုပ်ဖို့ ပြင်နေကြပြီဟု ဆိုနေကြသည်။

ဌာနဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းတခု၏ အမျိုးသမီးဝန်ထမ်း များနေရာတွင် အမျိုးသားဝန်ထမ်းများနှင့် အစားထိုးခန့်အပ်နေ ကြောင်းလည်း သူတို့ပြောကြသည်။

စစ်အုပ်စုက အုပ်ချုပ်လာခဲ့သည့် အနှစ် ၂၀ ကာလကိုလည်း အဆိုပါ စီးပွားရေးသမားများနှင့်နိုင်ငံရေးအမြင်ရှိသူများက လွန်စွာ စိတ် ပျက်လက်ပျက်ပြောဆိုနေကြသည့်အပြင် တိုင်းရင်းသားပြည်သူ တစ် ရပ်လုံးအတွက် ထွက်ရပ်လမ်းမမြင်ကြ။ အားကိုးအားထားလောက် သည့် ဒီမိုကရေစီနိုင်ငံရေးအင်အားစုများမရှိဟု ထင်မြင်ယူဆမိသဖြင့် လည်း မျှော်လင့်ချက်မဲ့နေကြသည်။

စစ်အုပ်စုကတရားဝင်ချုပ်ကိုင်မည့် အုပ်ချုပ်ရေးယန္တရား တစ်ခုကိုပုံဖော်ရန် ယခုကတည်းကအပြောင်းအလဲတော်တော်များများ ပြင်ဆင်နေသည်ကိုကြားသိနေသူတို့က ရှေ့အလားအလာများတွင် လည်း စစ်ခေါင်းဆောင်ပိုင်း ရာထူးနေရာပြောင်းရွှေ့မှုများ အဖွဲ့အစည်း သစ်များ ဖွဲ့စည်းလာမှုများပို၍တွေ့မြင်ရမည်ဟု ပြောဆိုကြသည်။

မဝေးတော့သည့် အနာဂတ်ကာလတွင် ငြိမ်းချမ်းရေးလုပ် ထားသည့်အဖွဲ့အစည်းများနှင့် စစ်ဘက်နှင့်နယ်ဘက်ဌာနဆိုင်ရာ အပြောင်းအလဲများအပေါ် အာရုံစိုက်ထားသင့်ကြောင်းလည်း ပြောဆို သံများ ကြားရသည်။

စစ်ဗျူဟာမှူးအဆင့်မှ တိုင်းမှူးအဆင့်အထိ အရပ်ဝတ်လဲပြီး ရွေးကောက်ပွဲဝင်မည်ဟု သတင်းများတိုးတိုးသန့်သန့်ထွက်ပေါ်လာ သဖြင့် ရမခတိုင်းမှူးအောင်သန်းထွဋ်နှင့် မိသားစုတစ်စုလုံး ရှမ်းဝတ် စုံ ၂ စုံစီကြိုတင်ချုပ်ထားကြကြောင်းနှင့်ဒီလူကရှမ်းစကားလည်း ကောင်းကောင်းပြောတတ်ကြောင်း၊ ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင် ရန်သတင်းများထွက်ပေါ်နေကြောင်းလည်း လားရှိုးက ကုန်သည် တစ်ဦးက ပြောပြသည်။

ဗမာစစ်အုပ်စု ရွေးကောက်ပွဲလုပ်ရခြင်း၏ အစစ်အမှန် ရည် မှန်းချက်သည် စစ်ခေါင်းဆောင်တစ်စု ကြိုးကိုင်အုပ်ချုပ်မည့် ယန္တရား တည်ဆောက်ရန်ဟန်ပြအစီအမံတစ်ခုသာဖြစ်ကြောင်း တရုတ်နယ်စပ် အတိုက်အခံအဖွဲ့အစည်းတစ်ခုမှ နိုင်ငံရေးသမားတစ်ဦးကလည်း ထောက်ခံသည်။

သူပြောတာကတော့ "နအဖကတစ်လျှောက်လုံး လုပ်ခဲ့တဲ့ အဆင့် ၇ ဆင့်ရှဒ်မက်လုပ်ငန်းစဉ် တစ်ခုလုံးကရှစ်လေးလုံးအရေးတော် ပုံကြီးကရခဲ့တဲ့ အောင်သီးအောင်ပွင့် ၉၀ ရွေးကောက်ပွဲရလဒ်ကို ချေ ဖျက်ဖို့ဖြစ်တယ်။ ဒါကြောင့်သူတို့လုပ်နေတဲ့ အစီအမံတွေကို အနှောင့် အယှက်ပေးမဲ့သူမှန်သမျှကိုအမှုဆင်ပြီး ပုဒ်မမျိုးစုံတပ် ရှင်းလင်းတဲ့ အနေနဲ့ ထောင်ထဲထည့်တာတွေ ဆက်တိုက်လုပ်နေတာဖြစ်တယ်" ဟု ပြောသည်။

ဗမာစစ်အုပ်စုသည် ၂၀၁၀ နီးကပ်လာသည့်တိုင်အောင် ရွေး ကောက်ပွဲနှင့်ပတ်သက်သမျှကို တရားဝင်ထုတ်ဖော် ပြောဆိုခြင်းမရှိသေး သည်မှာ ပြင်ဆင်မှုဆိုင်ရာစီမံချက်များမပြီးဆုံးသေးသည်က တစ် ကြောင်း၊ နိုင်ငံတကာ၏တုန့်ပြန်မှုဆိုင်ရာများကို သွေးထိုးစမ်းနေသည့် အနေအထားလည်းတကြောင်း ပါဝင်နိုင်သည်ဟုဆိုသည်။

လုပ်ဆောင်သမျှ အစစအရာရာအဆင်ပြေချောမွေ့သွားမည် ဆိုပါက ဒီမိုကရေစီအင်အားစုများပြင်ဆင်ချိန်မရမီ အချိန်အလစ် အငိုက်ရယူသည့်အနေဖြင့် ရွေးကောက်ပွဲကို ၂၀၁၀ မတိုင်ခင်ပင် ကောက်ခါငင်ကာ ကျင်းပသွားနိုင်သည်နှင့် ၁၉၆၂ က မြန်မာ့နည်း

မြန်မာ့ဟန်ဆိုရှယ်လမ်းစဉ်ချမှတ်ခဲ့သလို၊ ယခုလည်း မြန်မာ့နည်း မြန်မာ့ဟန် ယောင်ပြဒီမိုကရေစီသာဖြစ်သည်ဟုထောက်ပြကြသည်။

လက်နက်ကိုင်အပစ်ရပ်များအခြေအနေ၊ နိုင်ငံတကာ အခြေအနေနှင့် ၎င်းတို့ပြင်ဆင်မှုများကသာ မီးစိမ်းပြမည်ဆိုပါက ကောက်ကနဲ ထလုပ်သွားနိုင်သော်လည်း လတ်တလောကာလတွင် ဗမာစစ်အုပ်စု အတွင်း၌ တစ်ဦးနှင့်တစ်ဦး မယုံကြည်ကြသည့်ပြဿနာများ ရှိနေခြင်းကလည်း အခက်အခဲတစ်ခုဖြစ်နေကြောင်းသိရသည်။

ထိုအထဲတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဖွဲ့စည်းတည်ထောင်ထားသည့် ကြံ့ဖွံ့အပေါ် ယုံကြည်စိတ်ချမှု အပြည့်အဝမရှိသည့် အခြေအနေတစ်ရပ်ကလည်း ကြံ့ဖွံ့တစ်ဖွဲ့လုံး၏ နိုင်ငံရေးပါတီပြောင်းလဲဖွဲ့စည်းရေးအလားအလာအပေါ် ရိုက်ခတ်မှုရှိနေပုံပေါ် သည်။

အခြားတခုမှာလည်းဗိုလ်ချုပ်မှူးကြီးမှသည်ဗိုလ်ကြီးဗိုလ်ကလေးများအထိ၊ စစ်ဘက်မှအရပ်ဘက်သို့ လိုရင်လိုသလို မလိုရင်မလိုသလို၊ စီမံပြောင်းရွှေ့နေရသည်မှာလည်း တပ်တွင်းမကျေနပ်မှုများဖြစ်ပေါ် နေပြီး သတိထားကိုင်တွယ်နေရသည့် အခြေအနေဖြစ်သည်။

၂၀၁၀ သည် သိပ်မဝေးလှတော့သည့် အချိန်ကာလဖြစ်သဖြင့်လည်း ဖုတ်ပူမီးတိုက်ပြင်ဆင်နေရသည်။ တပ်ထဲတွင်မည်သူတွေကျန်ခဲ့မည်၊ အရပ်ဘက်သို့မည်သူတွေကူးပြောင်းမည်၊ ရွေးကောက်ပွဲပြီးသည့်တိုင်အောင် စစ်အုပ်စုကပဲအာဏာကို ဆက်ထိန်းထားနိုင်အောင် မည်သို့ဆောင်ရွက်မည်၊ စသည့်အစီအမံများ ပြင်ဆင်ဆောင်ရွက်နေကြပုံရသည်။

မည်သို့ပင်ဖြစ်စေလာမည့် ၂၀၁၀ တွင် ဟန်ပြပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အခင်းအကျင်းတစ်ခုတော့ ပေါ်ပေါက်လာဖို့ ဗမာစစ်အုပ်စုအဘို့ လွန်စွာအရေးကြီးသည်။ ၂၀၁၀ ရွေးကောက်ပွဲသည် ၂၀၀၈ မေလဆန္ဒခံယူပွဲရလဒ်ကဲ့သို့ ထွက်ပေါ်လာမည်ဟုလည်း ဟောကိန်းထုတ်ထားကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များသည် ဗမာစစ်တပ်ကိုယ်တိုင် ကျင်းပပေးခဲ့သည့် ၁၉၉၀ ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရခဲ့ကြသော်လည်း ယခုအချိန်တွင် နည်းမျိုးစုံဖြင့် ဖမ်းဆီးခံထားရကာ ကမ္ဘာပေါ်တွင် တစ်ခါမှမကြားဘူးသည့် အရှည်ကြာဆုံးထောင်ဒဏ်များ အကျဉ်းစံဘဝ ရောက်နေကြသည်။

ထိုစဉ်ကအနိုင်ရခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ် ခပ်များများလည်း ပြည်ပသို့ထွက်ပြေးတိမ်းရှောင်နေကြပြီး အချို့ကတော့ အကျဉ်းထောင်များထဲတွင် သေဆုံးသွားကြသည်။

ဒီမိုကရေစီလိုလားသူများဘက်မှ အနိုင်ရခဲ့သည့် ၁၉၉၀ ရွေးကောက်ပွဲအောင်ပွဲတည်းဟူသော မြှားတစ်စင်းက ဗမာစစ်အုပ်စု၏ ရင်ဝတည့်တည့်ကို ထိမှန်ခဲ့ခြင်းဖြစ်ပေလိမ့်မည်။ ထို့ကြောင့်လည်း စစ်ခေါင်းဆောင်တစ်စုနှင့် အပေါင်းပါတစ်သိုက် အတိုင်းမသိပင် နာကျင်ခံစားခဲ့ကြသည်မှာ မြေကြီးလက်ခတ်မလွဲပင်။

ဗမာစစ်အုပ်စုကြီးစိုးခဲ့သည့် အချိန်ကာလတစ်လျှောက်လုံး ၎င်းတို့၏ ပုံရိပ်အစစ်အမှန်များကို နိုင်ငံတကာနှင့်အများပြည်သူတို့ သွေးပျက်ဖွယ်ရာတွေ့မြင်ခဲ့ကြရသည်။ အထင်ရှားဆုံးဖြစ်ရပ်များအနေဖြင့် ဒီပဲယင်းလူသတ်မှု၊ သံဃာတော်များအား အကြမ်းဖက်ရိုက်နှက်ဖမ်းဆီးသတ်ဖြတ်မှု၊ တိုင်းရင်းသားခေါင်းဆောင်များ ကျောင်းသားခေါင်းဆောင်များ အရှည်ကြာဆုံးထောင်ဒဏ်များ ချမှတ်ခံရမှုများမှအစ နာဂစ်လေမုန်တိုင်းအဆုံးဖြစ်သည်။

ထိုပုံရိပ်ဆိုးများက ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုအရေးတို့အတွက် အမှန်တကယ်ကြိုးပမ်းနေသူများအပေါ် တန်ပြန်အကျိုးသက်ရောက်ခံစားစေရန် နည်းမျိုးစုံဖြင့် ရက်စက်စွာပြုမူလုပ်ဆောင်ခဲ့ခြင်းလည်းဖြစ်သည်။

လာမည့်၂၀၁၀ရွေးကောက်ပွဲတွင် မပါဝင်ရလေအောင် တမင်ရည်ရွယ်လုပ်ဆောင်ထားခြင်းဖြစ်ပြီး ၎င်းတို့ထောက်ပံ့ ကျွေးမွေးထားသူ လက်ဝေခံတချို့နှင့်အကျိုးစီးပွားမက်လုံးပေးကာ စည်းရုံးသိမ်းသွင်းထားပြီးသား တိုင်းရင်းသားခေါင်းဆောင်ဒေါက်တိုင် အဖွဲ့အစည်းအချို့မှ လူကုံထံကြေးရေတက်များ၊ ယူနီဖေါင်းချွတ်စစ်ဗိုလ်တစ်သိုက်တို့ကသာပါဝင်နိုင်သည့် ဟန်ပြရွေးကောက်ပွဲ အခင်းအကျင်းတစ်ခုသာဖြစ်၍ ဝမရှိပဲ ဝိလုပ်နေခြင်းသာဖြစ်ကြောင်း။

**စိုင်းမောဝ်ကရိန်**

၂၁/၁၂/၂၀၀၈

---

## အဆိပ်ပင်ရေလောင်း




နိုင်ဂျီးရီးယားက နအဖအား နားဂစ်ရံပုံငွေအကူအညီဟုဆိုကာ
23/1/2009 ၌ ဒေါ်လာ 5 သိန်းစွန့်ကြဲ

# စီးပွားရေးကျဆင်းမှုဒဏ် ဗမာစစ်တပ် မရှုမလှခံနေရ

မြန်မာပြည်တွင် ယာဉ်ထိန်းပုလိပ်က ယာဉ်များရပ်ခိုင်း၍ ငွေတောင်းယူခြင်းကို အဆန်းတကျယ်အဖြစ် သဘောမထားကြသော်လည်း စစ်တပ်မှတပ်ထိန်းများက ယာဉ်များတားဆီးကာ ငွေတောင်းယူသည်ကိုတော့ ထူးဆန်းမှုတစ်ခုအဖြစ် မြင်တွေ့ကြရမည်ဖြစ်သည်။

ယခုအဖြစ်အပျက်ကား ကချင်ပြည်နယ် မြစ်ကြီးနားမြို့အခြေစိုက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေအတွင်းတွင်ဖြစ်သည်။ ဒီဇင်ဘာလနှောင်းပိုင်းကမှ မြောက်ပိုင်းတိုင်း တပ်နယ်မြေအတွင်း လေယာဉ်ကွင်းရှေ့ဘက်နားရှိ မြစ်ကြီးနား–မန္တလေးသွား ကားလမ်းမပေါ် ၌ တပ်ထိန်းဂိတ်နေရာ ၃ နေရာဖွင့်ကာ ဖြတ်သွားဖြတ်လာ ယာဉ်ကြီးယာဉ်ငယ်မှန်သမျှ တစ်စီးလျှင် ကျပ် ၅၀၀ နှုန်း ကောက်ခံနေသည်။

ဂိတ်ဖွင့်ထားသည့်လမ်းက အချက်အခြာကျသည့် မြန်မာပြည်အလယ်ပိုင်း မန္တလေးမြို့သာမက မြောက်ဖျားပိုင်း တနိုင်းနှင့် မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ရွှေဘိုမြို့များအထိပါ ခရီးပေါက်သဖြင့် တစ်ရက်လျှင် ယာဉ်ကြီးယာဉ်ငယ် အစီးပေါင်းရာနှင့်ချီဖြတ်သွားကြောင်း ဒေသခံများကပြောသည်။

တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ထိုသို့ဂိတ်ဖွင့် ငွေကောက်စားနေခြင်းမှာအမိန့်အရ တရားဝင်ကောက်ခံနေခြင်းဖြစ်ပုံရသည်ဟု ဒေသခံများ ယူဆကြသည်။

ထိုအချင်းအရာကိုကြည့်ပြီး ခြစားယိုယွင်းနေသည့် နအဖ အုပ်ချုပ်ရေးယန္တရားကြီးတစ်ခုလုံးအပေါ် ယခုဖြစ်စဉ်များသည် သာမန်မျှသာဖြစ်သည်ဟု ယူဆမည်ဆိုပါက ယူဆနိုင်၏။ နအဖ အောက်ခြေရှိ တပ်ရင်းတပ်ဖွဲ့များသည် ကိုယ့်ပြဿနာကို ကိုယ်တာဝန်ယူ ဖြေရှင်းရသည့်အနေအထားက ယခင်ကတည်းကရှိခဲ့သည်ဟု စာဒကတက်စရာရှိသည့်တိုင် ၎င်းအခြေအနေအား စစ်တပ်အတွင်း ငွေကြေးဆိုင်ရာအကြပ်အတည်း ဖြစ်ပေါ်နေသည့် ပြယုတ်တစ်ခုအဖြစ် ရှုမြင်သူများလည်းရှိသည် ။

မကြာသေးမီကမှ နအဖသည် နာဂစ်မုန်တိုင်းဘေးသင့် ဒုက္ခသည်များရံပုံငွေအတွက်ဟုဆိုကာ နယ်စပ်ဒေသများမှတရားမဝင် ခိုးသွင်းသည့် မော်တော်ဆိုင်ကယ်များကို တရားဝင်လိုင်စင်များပြုလုပ်ပေးခြင်းနှင့် ဖမ်းဆီးရမိသည့် မော်တော်ကားများအား လေလံတင်ရောင်းချ၍ အခွန်ဘဏ္ဍာဖြည့်တင်းနေခြင်းက ၎င်းတို့၏ ငွေကြေးလိုအပ်ချက်ကို ဖော်ထုတ်ပြသလိုက်သည်။

ယခုအခါ ထိုငွေရေးကြေးရေး အကြပ်အတည်းများသည် အောက်ခြေတပ်တွင်းမိသားစုများ၏ စားဝတ်နေရေးကို ရိုက်ခတ်လာပြီဖြစ်၏။ အခက်အခဲပိုမိုကြုံတွေ့လာရသဖြင့် ထုတ်ပြန်ထားသည့် အမိန့်စည်းမျဉ်းစည်းကမ်းနှင့် တာဝန်ဝတ္တရားများကို စိတ်ဝင်စားနိုင်ခြင်းမရှိကြတော့ပဲ ပြင်ပဝင်ငွေရပေါက်ရလမ်းများကိုသာ ရှာကြံနေရသည်ဟု စစ်အရာရှိများနှင့် စီးပွားရေးအတူလုပ်နေသူတစ်ဦးကပြောသည်။




တစ်လလျှင် စစ်သားတစ်ဦးအတွက် ထောက်ပံ့ငွေကျပ်တစ်သောင်းနှုန်းပေးကမ်းနိုင်ရန် အထက်ဌာနများကအတင်းအကြပ် ဖိအားပေးထောက်ပံ့ခိုင်းနေသော်လည်း ဝင်ငွေရသည့် စီးပွားရေးလုပ်ငန်းများက ယခင်ကလောက်မကောင်းတော့သဖြင့် ထောက်ပံ့နိုင်ရန် အခက်အခဲများရှိနေသည်ဟု ဆိုသည်။

တပ်ရင်းရံပုံငွေရရှိစေရန် စစ်သည်တချို့ကိုအပြင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားရပြီး စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူက တစ်လလျှင် ကျပ် ၃ သိန်းမှ ၅ သိန်းကြား တပ်ရင်းမှူးထံပေးသွင်းရပြီး တပ်ရင်းမှလည်း ရင်းရံပုံငွေထည့်ဝင်ရန် အာမခံချက် ပေးနိုင်သူများအား အပြင်စီးပွားရေးလောကတွင် လုပ်ငန်းများလုပ်ပိုင်ခွင့် ပေးထားရသည်။

တပ်ရင်းတပ်ဖွဲ့များမှ အရာရှိစစ်သည်များသည် ၎င်းတို့ လစာငွေထဲမှ လစဉ်ရာခိုင်နှုန်းအချိုးကျ ဖြတ်တောက်ခံကြရကာ စစ်တပ်ပိုင် ဦးပိုင်လီမိတက်သို့ ထည့်ဝင်ကြရသော်လည်း တပ်ရင်းရံပုံငွေကိုမူ တပ်ရင်းများကိုယ်တိုင်ရှာကြံကြရသည်။ အဓိက ဝင်ငွေရသည့် လုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများကို မဖြစ်မနေ လုပ်ကြပြီး မီးသွေးဖုတ်ထင်းခုတ်ဝါးခုတ် စသည့်လုပ်ငန်းများကိုပါ ဝင်ငွေရရှိရန်အလို့ငှာ လုပ်ကိုင်ကြရသည်။

တပ်မိသားစုများကလည်း အားအားမနေရတော့ပဲ ပြင်ပဝင်ငွေရသည့်လုပ်ငန်းများဖြစ်သည့် (ပင်းမင်း) အဝတ်လျှော်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်း၊ ဈေးရောင်းခြင်းများ၊ အိမ်ဖော်လုပ်ခြင်းများ၊ လုပ်ကိုင်ခိုင်းလာရသည်။ ထိုသို့ပင်ပန်းဆင်းရဲကြီးစွာလုပ်နေရသည့်တိုင် ဝမ်းမဝခါးမလှနိုင်ပဲ ဖြစ်နေကြရသည်။

မြစ်ကြီးနား–မန္တလေး မီးရထားလမ်းတစ်လျှောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ စစ်သည်မိသားစုများသည် ဒေသခံများ၏ ကျွဲနွားများ ခိုးယူသတ်ဖြတ် စားသောက်ကြကာ တချို့ကအသားခြောက်များ လှမ်း၍ မြစ်ကြီးနားဈေးကြီးတွင် ဆတ်သားခြောက်ဟု လိမ်လည်ရောင်းချသည်အထိ သောင်းကျန်းလာကြသည်။

ယခုပို၍ သိသာလာသည်က တရားမဝင်မှောင်ခို ကုန်ပစ္စည်းများ တင်သွင်းမှုတွင် ဗိုလ်မှူးအဆင့်အရာရှိများကိုယ်တိုင် ပါဝင်လုပ်ကိုင်လာကြသည်။ ထော်လာဂျီ၊ ဆိုင်ကယ်၊ ဝှစ်သောက်ကား စက်ပစ္စည်း

များအပြင် ကျောက်စိမ်း၊ သစ်နှင့်အခြားကုန်ပစ္စည်းမျိုးစုံ ခိုးသွင်းခိုးထုတ်ရာတွင် ယခင်က အရပ်သားကိုယ်စားလှယ်များက လမ်းကြောတစ်လျှောက် ဂိတ်အသီးသီးအား တာဝန်ခံညှိပေးသည့်လုပ်ငန်း နေရာတွင် ယခုစစ်ဘက်အရာရှိများဝင်ရောက်လုပ်ကိုင်လာကြခြင်းဖြစ်သည်။

ပိုလ်မှူးများ မှောင်ခိုလောကတွင်နေရာဝင်ယူလာသဖြင့် ယခင်မှောင်ခိုလုပ်ငန်းဖြင့် စားပေါက်ချောင်ခဲ့သည့် အရပ်သားစီးပွားရေးလောကသားများ ဘုံပျောက်ဘဝရောက်သွားကြလေပြီ။ မှောင်ခို စစ်တပ်အရာရှိများက လမ်းကြောရှင်းရာတွင် ဝန်ထမ်းအချင်းချင်းဖြစ်သည်ကတစ်ကြောင်း၊ စစ်ဘက်ပါဝါရှိသည်ကတစ်ကြောင်း၊ ပို၍အဆင်ပြေ ချောမွေ့ကြောင်းကြောင့်ဖြစ်သည်ဟုလည်း သိရသည်။

တရုတ်ထော်လာဂျီတစ်စီး မန္တလေးထိသွားမည်ဆိုလျှင် မြန်မာကျပ်ငွေသိန်း ၂၀ ခန့်ပေးကျွေးရကြောင်းလည်း စီးပွားရေးသမားများကပြောပြသည်။ ထိုသို့ အပြင်စီးပွားရေးလောကနှင့် ထိစပ်လာသည့် စစ်ဗိုလ်စစ်သားများက တပ်တွင်းတွင်ကျန်ရစ်ခဲ့ကြသည့် ဘဝတူစစ်သားများနှင့် အစစအရာရာ ကွာခြားသွားကြသည်။ ဘီယာလေးတမျှမျှ မိုဘိုင်းဖုန်းတကားကားဖြင့် အလုပ်လက်ကြောတင်းအောင် မလုပ်လိုသူများဖြစ်လာပြီး ရရှိသည့်ဝင်ငွေဖြင့် ပြင်ပလောက တွင် တိုက်ဆောက် စီးပွားရေးလုပ်ငန်းများ ဇောက်ချလာကြသည်။

အထက်ဌာနများနှင့် နားလည်မှုယူ၍ စီးပွားရေးလုပ်ကိုင်ခွင့်ရသူများက ပေါ်ပေါ်ထင်ထင်လုပ်ကြသလို လုပ်ပိုင်ခွင့်မရှိသူများကလည်း အောက်လမ်းနည်းဖြင့် ဝင်ငွေရှာကြသည်။ သစ်၊ နွား ဘိန်းမှောင်ခို သမားများနှင့် ရွှေတွင်းကျောက်ကျင်းများတွင် တရားမဝင် အခွန်များနည်းမျိုးစုံကောက်ခံကာ စစ်အရာရှိတချို့ ကျိုကျိုတက်ချမ်းသာနေ ကာရာထူးစည်းစိမ်တွင် အဆီယစ်နေကြတော့သည်။

နယ်စပ်ဒေသများရှိ အောက်ခြေစစ်သည်များကတော့ တရုတ်နယ်စပ်မှလာသည့် ကုန်ကားကြီးများ၊ ထော်လာဂျီများ၊ ဆိုင်ကယ်သမားများနောက်သို့ အုပ်စုဖွဲ့၍ ရေ့မှတစ်မျိုး နောက်မှတဖုံ လိုက်လံငွေတောင်းရမ်းကြရသည်။ တပ်တွင်းတချို့မိသားစုများကတော့ ဘော်လုံးပွဲ ၂ လုံး ၃လုံးဟုခေါ်သော လောင်းကစားများတွင် ဒိုင်ခံခြင်း ကိုယ်စားလှယ်လုပ်ခြင်းဖြင့် ဝင်ငွေရှာကြရသည်။

စစ်တပ်ထိပ်တန်းခေါင်းဆောင်များဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအပါအဝင် နအဖစစ်ကောင်စီဝင်ဆွေမျိုးမိသားစု အသိုင်းအဝိုင်းက တစ်နိုင်ငံလုံး၏ စီးပွားရေးလုပ်ငန်းကြီးများအပေါ် လက်ဝါးကြီးအုပ်ဝါးမြိုထားသဖြင့် တိုင်းပြည်နှင့်ပြည်သူလူထုတစ်ရပ်လုံး မွဲတေဆင်းရဲတွင်းနက်နေသည့်တိုင် ၎င်းတို့ မတရားရယူထားသည့် ရာထူးစည်းစိမ်တွင် ဇိမ်တွေ့လျက်ရှိနေကြသည်။

စစ်ဗိုလ်ချုပ်များ၏ အာဏာကိုအကာအကွယ်ပေးရန် အဓိကဒေါက်တိုင်အဖြစ်သတ်မှတ်ခြင်းခံထားရသည့် အောက်ခြေတပ်သားထုနှင့် မိသားစုများမှာ စစ်သူတောင်းစားများဘဝ ရောက်ရှိသွားသည့်တိုင် စစ်ဗိုလ်ချုပ်ကြီးများကတော့ တိုင်းပြည် စီးပွားရေး တိုးတက်နေကြောင်း ဆက်လက်လိမ်ညာဝါဒဖြန့်နေရဆဲဖြစ်သည်။

**စိုင်းအောင်**

၂၉/၁၂/၀၈

# အမှားကိုမြင် အမှန်ပြင်ကြစို့

"နှစ်ပေါင်း(၅၀)လက်နက်ကိုင်တော်လှန်ရေးကာလအတွင်း မွန်ပြည်သစ်ပါတီသည် ခက်ထန်းကြမ်းတမ်းသော နိုင်ငံရေး စစ်ရေးအကွေ့အကောက်ပေါင်းထောင်ပေါင်းမြောက်များစွာ ကြုံတွေ့ခဲ့ရသည်မှာ ယုံမှားသံသယဖြစ်ဘွယ်ရာမရှိပါ။ ထိုထိုသော နိုင်ငံရေးအခက်ခဲ၊ စစ်ရေး အကြပ်အတည်းအပေါင်းတို့ကို အောင်မြင်စွာကျော်လွှားဖြတ်သန်းခဲ့ရသော မွန်ပြည်သစ်ပါတီ၏ အတွေ့ကြုံမှာ အလွန်တန်ဖိုးရှိလှသည်။ မည်သည့်အရာမှ နှိုင်းယှဉ်တုပပြောဆို၍မရနိုင်ပါ။"

"မွန်ပြည်သစ်ပါတီခေါင်းဆောင်တို့၏ ပြည့်ဝသောအရည်အသွေး၊ အဖွဲ့ဝင်တို့၏ကောင်းမြတ်သောအရည်ချင်းတို့ကြောင့် ဤကဲ့သို့ အခက်ခဲပေါင်းထောင်သောင်းမကကို အောင်မြင်စွာ ဖြတ်သန်းကျော်လွှားလာနိုင်ခဲ့ဟုပြောလျှင် အလွန်မှန်ကန်ပေသည်။"

"နှစ်(၅၀)လက်နက်ကိုင်တော်လှန်ရေးအတွင်း ကြမ်းတမ်းခက်ထန်သော နိုင်ငံရေး စစ်ရေး လေမုန်တိုင်း၏ ဖိစီးမှုဒါဏ်ကြောင့် ဖေါက်ပြန်သွားသော ရဲဘော်၊ ခေါင်းဆောင်များလည်းရှိသည်မလွဲပေ။ ထို့အတူ၊ မွန်ပါတီအနေဖြင့်လည်း လမ်းစဉ်ချွတ်ချော် မှားယွင်းပြီး နိုင်ငံရေး၊ စစ်ရေးအရ ဆုံးရှုံးမှုရှိခဲ့သည်ကိုလည်း အမှန်အတိုင်း ဝန်ခံရပေမည်။ ဤကဲ့သို့ နှစ်ဖက်သော ရှုထောင့်မှ၊ လေ့လာသုံးသပ်ခြင်းပြုနိုင်ပါမှ၊ မှန်ကန်မျှတပေမည်။ ဤကဲ့သို့ မိမိကိုယ်ကိုယ်ရဲရဲ ဝံ့ဝံ့သုံးသပ်ပါမှ၊ မွန်ပြည်သစ်ပါတီ၏ အနာဂတ်ခရီးမှာ အောင်မြင်မှုရနိုင်ပေမည်ဟု မွန်အမျိုးသားကောင်စီမှ လေ့လာသုံးသပ်မိပါသည်။ အမှားမြင်ပါမှ၊ အမှန်တရားကို ရှာဖွေရရှိနိုင်ပေမည်။"

"၁၉၅၈ မှသည် ၁၉၉၅ ထိ မွန်ပြည်သစ်ပါတီ၏ နိုင်ငံရေး၊ စစ်ရေး ဦးဆောင်မှု မှန်ကန်ခဲ့သည်။ မွန်ပြည်သူလူထုအတွက်ဂုဏ်ယူဘွယ်ဖြစ်ခဲ့သည်။ မွန်ပြည်သူလူထုတရပ်လုံး၏ ထောက်ခံမှုဖြင့် အောင်မြင်မှုရှိခဲ့သည်မှာ ယုံမှားဘွယ်ရာမရှိပါ။ သို့သော် ၁၉၉၅ နောက်ပိုင်းတွင်၊ နိုင်ငံရေး၊ စစ်ရေးလမ်းစဉ်၊ ချွတ်ချော်မှုကြောင့်၊ ပါတီအပေါ် မွန်ပြည်သူတို့၏ ယုံကြည်အားကိုးမှု၊ ထောက်ခံမှု ကျဆင်းလာသည်။ ထို့အတူမွန်အမျိုးသားတို့၏ အကျိုးစီးပွားလည်းဆုတ်ယုတ်ခဲ့သည်။"

၂၃/၁၂/၂၀၀၈ ရက်ထုတ် မွန်အမျိုးသားကောင်စီ **MNC** ၏ **MNSP** အနှစ် ၅၀ မြောက်ကြေငြာချက်မှ–

❑

# ဝပြည်နယ်အစိုးရအပေါ်အမြင်များ

RFA 6/1/2009

"သီးခြားစီခွဲထွက်မယ်ဆိုရင် ဝပြည်သူတွေအဘို့ သျှမ်းပြည်သူတွေရဲ့ ထောက်ခံမှုလဲ လိုအပ်ပါတယ်။ ဝပြည်ဆိုတာက ဝချည်းဘဲနေ တာမဟုတ်ဘူးလေ။ ကျနော်တို့ အတူတကွ နေလာခဲ့ကြတာဘဲ။ ဒါကြောင့်သူတို့ တခုခုလုပ်မယ်ဆိုလို့ရင်၊ ခွဲထွက်သည်ဖြစ်စေ မခွဲထွက်သည်ဖြစ်စေ၊ ပြည်သူတွေရဲ့သဘောထားအပေါ် ပိုပြီးတော့မူတည်ရလိမ့်မယ်လို့ကျနော်မြင်ပါတယ်။"

**စိုင်းဆိုင်မိဏ်း** (သျှမ်းပြည်တပ်မတော် ပြောခွင့်ရပုဂ္ဂိုလ်)

"နအဖဖွဲ့စည်းပုံအရသတ်မှတ်ထားတာဟာ တကယ့်စစ်မှန်တဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာမရှိတဲ့အပြင် လက်တွေ့မှာစစ်တပ်ကဘဲ တိုက်ရိုက်ချုပ်ကိုင်သွားမယ့်အရာလိုဖြစ်နေတယ်။ ဒါကြောင့်နအဖဖွဲ့စည်းပုံအရသတ်မှတ်ပေးတာကို သူတို့လက်မခံဘဲ ငြင်းဆန်တယ်ဆိုတာ ဒီနေရာမှာပေါ်လွင်တယ်။ တချိန်ထဲမှာ သူတို့ ဝအမျိုးသားတွေအတွက်နယ်တစ်နယ်ရှိသင့်တယ်။အဆင့်အတန်းလဲသူတို့ရသင့်တယ်။ ပြည်နယ်အဆင့်အတန်းရဖို့အတွက် အုပ်ချုပ်ရေးအရ စီးပွားရေးအရ လူဦးရေအရ ပြင်ဆင်မှုရှိတယ်ဆိုတာပြတဲ့အနေနဲ့ သူတို့ကျေငြာတာလို့ယူဆတယ်။ ဒါကြောင့် ကျနော်တို့အမျိုးသား ဒီမိုကရေစီတပ်ပေါင်းစု၊ တိုင်းရင်းသားတပ်ပေါင်းစုအနေနဲ့ ဒီကိစ္စမှာဘာမှကန့်ကွက်စရာမရှိဘူး။ ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ကိစ္စတခုဘဲလို့ သဘောထားပေးချင်ပါတယ်။"



Photo : SHAN

ဗိုလ်မှူးကြီးခွန်ဥက္ကာ

"ရှေ့ဆက်ဖြစ်လာနိုင်တာက ဝနဲ့မဟာမိတ်ပြုထားတဲ့ ကချင်အပစ်ရပ်အဖွဲ့ရှိတယ်။ သျှမ်းပြည်မြောက်ပိုင်း အပစ်ရပ်အဖွဲ့ရှိတယ်။ နောက်ပြီးတော့တောင်ဘက်မှာဆိုရင် မွန်ပြည်သစ်ပါတီလိုအဖွဲ့အစည်းတွေရှိတယ်။ ဒီအဖွဲ့အစည်းတွေမှာလဲ မကြာခင်မှာသူတို့ဘယ်လိုရပ်တည်မှာလဲ သူတို့သဘောထားတွေဘယ်လိုရှိလဲဆိုတဲ့ဟာ။ အထူးသဖြင့် နအဖရဲ့ ၂၀၀၈ ဖွဲ့စည်းပုံက သတ်မှတ်ပေးထားတဲ့အခွင့်အရေးတွေအပေါ်မှာ သူတို့အနေနဲ့ ကျေနပ်မှုရှိ/မရှိ – ဆိုတဲ့လေသံတွေ နောက်ဆက်တွဲ ထွက်လာနိုင်တယ်လို့ကျနော်တို့ ခန့်မှန်းတယ်။"

**ဗိုလ်မှူးကြီးခွန်ဥက္ကာ** (PPLO)

"သမိုင်းကြောင်းအရပြောမယ်ဆိုရင် ဝပြည်နယ်ရှိခဲ့တယ်ဆိုတဲ့ဟာက ကျနော်တို့အတွက် အထူးအဆန်းမဟုတ်ပါဘူး။ ဒီအချိန်မှာ ရှိခဲ့ပြီးသားကို သူတို့အနေနဲ့ ပြည်နယ်အနေနဲ့ သတ်မှတ်ပြီးတော့ကြေငြာတာဟာ အမှန်စင်စစ် သူတို့အနေနဲ့ ခံစားသင့်ခံစားထိုက်တဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဖြစ်တယ်လို့ သုံးသပ်မိပါတယ်။



Photo : SHAN

ဒေါက်တာ ဆလိုင်းလျန်မှုန်း ဆာခေါင်း

ဒါပေမဲ့ အခုလိုနှစ်ပေါင်းတော်တော်ကြာ သျှမ်းပြည်ထဲမှာထားခဲ့တယ်။ Federated Shan States ထဲမှာရှိတဲ့ State တခုအနေနဲ့ထားမယ်ဆိုရင်ပိုပြီးတော့ကောင်းတာပေ့ါ။ အကောင်းဆုံးက ဒီမိုကရေစီစနစ်ရှိပြီးတော့ ဒီမိုကရေစီကျင့်စဉ်ကို ကျနော်တို့အားလုံးလွတ်လွတ်လပ်လပ်ကျင့်သုံးမယ်။ ပွင့်ပွင့်လင်းလင်းနဲ့ကျင့်သုံးမယ်ဆိုလို့ရှိရင် ဝလူထုအတွင်းမှာ ဆန္ဒခံယူပွဲလို ဟာမျိုး၊ သဘောထားခံယူပွဲလိုဟာမျိုး၊ ပြီးတော့သူတို့ နီးစပ်နေထိုင်တဲ့ သျှမ်းတိုင်းရင်းသားတွေနဲ့ တိုင်ပင်ပြီးတော့လုပ်တဲ့ဟာမျိုး၊ သူတို့ရဲ့ ပြည်နယ်ကို Federated Shan States အတွင်းက ပြည်နယ်လား၊ ဒါမှမဟုတ်သတ်သတ်လား။ ဒါမှမဟုတ်ပြည်ထောင်စုကြီးအတွင်းကကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ရှိတဲ့ပြည်နယ်တခုလားသတ်သတ်မှတ်မှတ် ဆွေးနွေးတိုင်ပင် ပြီးတော့လုပ်တာကောင်းပါတယ်။ ပဋိပက္ခတခုခုဖြစ်လာလို့ရှိရင် ဝတွေ ရဲ့အမှားမဟုတ်ဘဲနအဖ အမှားဖြစ်တယ်။ နအဖစစ်အစိုးရက ကျနော်တို့ကိုပွင့်လင်းမှုမပေးဘူး၊ လွတ်လပ်ခွင့်မပေးဘူး၊ တိုင်ပင်ခွင့်မပေးတဲ့ အတွက်ဖြစ်တယ်။ အကောင်းဖြစ်လာဖို့အတွက် ကျနော်တို့တိုင်းရင်းသားတွေရသင့်ရထိုက်တဲ့ခံစားခွင့်ဖြစ်တယ်။ အဆိုးဖြစ်လာလို့ရှိရင်တော့ နအဖအမှားဘဲ။"

**ဒေါက်တာ ဆလိုင်းလျန်မှုန်း ဆာခေါင်း**
(တိုင်းရင်းသားလူမျိုးများကောင်စီ ENC ဒုဥက္ကဋ္ဌ)

# လက်နက်ကိုင်မှုနဲ့ လွတ်လပ်မှု

စစ်အစိုးရရေးဆွဲတဲ့အခြေခံဥပဒေအရ ဝ ဒေသဟာ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်းဖြစ်လာမယ်။ ဝ တွေ က သူတို့ဒေသကို ပြည်နယ်လို့အရင်ကတည်းကသတ်မှတ်ထားပေမယ့် စစ်အစိုးရကတော့ ရှမ်းပြည်နယ်အထူးဒေသအမှတ် ၂ လို့ခေါ်တယ်။ ဝ လွတ်လပ်မှုကို ကာကွယ်ဘို့ဖွဲ့ထားတဲ့ ဝ တပ်ဖွဲ့အပေါ် လက်နက်စွန့်လွှတ်ဘို့ ဗမာစစ်အစိုးရကြိုးပမ်းနေတယ်။ ဗမာစစ်အစိုးရဟာ သူတဦးတည်းသာ လက်နက်ကိုင်ချင်တယ်။ လွတ်လပ်ရေးသက်တမ်းမှာလက်နက်ချသူကိုသာအလင်းဝင်သူအဖြစ် လက်ခံခဲ့တာ တွေ့ရတယ်။

ဒါပေမဲ့ ၁၉၈၈ ပြည်သူ့အုံကြွမှုကြီး ရင်ဆိုင်ခဲ့ရပြီးတဲ့ နောက်ပိုင်း အခြေအနေမကောင်းတဲ့အတွက် ဗမာစစ်အစိုးရဟာ တိုင်းရင်းသားလက်နက်ကိုင်အချို့နဲ့ အပစ်အခတ်ရပ်စဲပြီး လက်နက်ကိုင်ဆောင်ခွင့်နဲ့ စီးပွါးရေးလုပ်ခွင့်ပေးထားရတယ်။ အခုတော့ ဗမာစစ်အစိုးရဟာစီးပွါးရေးနဲ့စစ်ရေးမှာအရင်က ထက်အားကောင်းလာတာမို့ အနှစ် ၂၀ နီးပါးရှိတဲ့ လက်နက်ကိုင်ဆောင်ခွင့်ကိုပ်သိမ်းဘို့ကြိုးစားနေပြီ။ ဒါပေမဲ့ စစ်အင်အားအကောင်းဆုံးဖြစ်တဲ့ ဝ တပ်ဖွဲ့ကို လက်နက်စွန့်ဘို့နားချနေတာအခုထက်ထိမအောင်မြင်သေးဘူး။ ဝ တပ်ဖွဲ့ကလည်းလက်နက်စွန့်ဘို့စိတ်မကူးဘူး။ ကိုယ်အုပ်ချုပ်တဲ့နယ် မြေကိုစစ်အင်အားတောင့်တင်းမှ ကိုယ်ကာကွယ်နိုင်မယ်ဆိုတာ ဝ တွေနားလည်ပုံရတယ်။

ဝ တပ်ဖွဲ့ဟာလက်နက်ငယ်ထုတ်လုပ်ရေးစက်ရုံကို အောင်မြင်စွာတည်ဆောက်နိုင်တယ် ဆိုတဲ့သတင်း ဒီဇင်ဘာ ၁၂ ရက်နေ့ထုတ် Jane's ဂျိန်းစ်သတင်းမှာဖတ်လိုက်ရပြီး မကြာမီ ဒီဇင်ဘာ ၁၆ ရက်နေ့ထုတ်ရောဝတီအင်္ဂလိပ်စာစောင်မှာ ဝပြည်သွေးစည်းညီညွတ်ရေးတပ်ဖွဲ့ကတုတ်ပုံစံ AK- 47 မောင်းပြန်သေနတ်တွေထုတ်လုပ်နေတာတနှစ်ကျော်ပြီဖြစ်ကြောင်း ဖော်ပြတယ်။ ဝ တပ်ဖွဲ့အတွက် သာမဟုတ်ဘဲအခြားတိုင်းရင်းသား လက်နက်ကိုင်တွေကိုလည်းရောင်းတယ်လို့ ဆိုတယ်။ ပန်ဆန်းမြို့ မြောက်ဘက် မိုင် ၈၀ အကွာက ခွန်းမာကျေးရွာမှာလက်နက်စက်ရုံရှိတယ်လို့သိရတယ်။

Jane's Security သတင်းကတော့ ၂၀၀၆ စက်တင်ဘာကစပြီးမောင်းပြန်သေနတ်ကို ဝတပ်ဖွဲ့ စတင်ထုတ်လုပ်ကြောင်း အတိအကျရေးထားတယ်။ ဒါတင်မကသေးပါဘူး။ ဝ တွေဟာ ယူနန်ပြည်နယ်မှာလက်နက်ဝယ်ယူပြီး ကချင်လက်နက်ကိုင်နဲ့ အိန္ဒိယနယ်စပ်ကလက်နက်ကိုင်တွေကိုပြန်ရောင်းတယ် လို့လည်းဆိုတယ်။ မူးယစ်ဆေးလုပ်ငန်းကရတဲ့ငွေနည်းလာတဲ့အတွက် လက်နက်ထုတ်လုပ်ရောင်းချ ပြီးရန်ပုံငွေရှာနေတာလို့လည်းဆိုတယ်။

ထိုင်းနယ်စပ်က ဝ တပ်တွေရုပ်သိမ်းဘို့နဲ့ လက်နက်စွန့်ဘို့ကိစ္စကို ဒီဇင်ဘာ ၅ ရက်က ဗမာစစ်တပ်ကိုယ်စားလှယ် ဗိုလ်ချုပ်ကျော်ဖြိုး ပန်ဆန်းမှာသွားရောက်ဆွေးနွေးတာကို ဝ ခေါင်းဆောင်ပိုင်းကလက်မခံကြောင်း ဒီဇင်ဘာ ၉ ရက် ထုတ်ရှမ်းသံတော်ဆင့်သတင်းမှာဖော်ပြတယ်။ သူတို့မှာ လက်နက်ရှိနေလို့သာ သူတို့ဒေသ ငြိမ်းချမ်းနေတာမို့ ဗမာစစ်တပ်ပြောသလို လက်နက်နဲ့ငြိမ်းချမ်းရေးလဲစရာမလိုဘူးလို့ ဝ ဘက်ကယူဆတယ်။ အဲဒီဆွေးနွေးပွဲပျက်ပြားသွားပြီးမကြာမီထိုင်းနယ်စပ် အနီးမိုင်း ယောင်းဒေသမှာ ဝ တပ်သားတထောင်လောက်က စစ်ရေးလေ့ကျင့်ခန်းလုပ်တယ်။

လွတ်လပ်ရေးကို လက်နက်နဲ့ကာကွယ်ရမယ်ဆိုတဲ့ ခံယူချက်ပါပဲ။ ဝ တွေမှာ လက်နက်အားကောင်းလို့သာ ဗမာစစ်တပ်က အနိုင်မကျင့်ရဲတာပေါ့။ ဒီအယူအဆမျိုး အနောက်တိုင်းမှာခေတ်စားတယ်။ မိမိနယ်မြေကို ကာကွယ်နိုင်စွမ်းမရှိရင် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ရေရှည်ထိန်းသိမ်းထားနိုင်ဘို့ ခက်ခဲမယ်ဆိုတဲ့သဘောပဲ။ နောက်တခုကတော့မဲဆန္ဒနဲ့တင်မြောက်တဲ့အစိုးရကို မဲဆန္ဒနဲ့ဖြုတ်ချနိုင်တယ်ဆိုပေမယ့်အာဏာရစဉ်ကာလမှာလက်နက်မရှိတဲ့တိုင်းသူပြည်သားကိုပမာမခန့်လုပ်ပြီး အနိုင်ကျင့်နိုင်တယ်လို့ယူဆတဲ့အတွက် လက်နက်ကိုင်ဆောင်တာဖြစ်တယ်။

အမေရိကန်မှာလည်း နိုင်ငံသားတိုင်း လက်နက်ကိုင်ဆောင်ခွင့်ရှိပြီးမိမိပြည်နယ်လုံခြုံရေးအတွက် ပြည်သူ့စစ်ကိုစနစ်တကျဖွဲ့စည်းပိုင်ခွင့်ရှိတယ်လို့အခြေခံဥပဒေ ဒုတိယပြင်ဆင်ချက်ကဆိုပါတယ်။ တချို့ဆိုရင် ၁၇၇၆ ဂျူလိုင် ၄ ရက်ကို လွတ်လပ်ရေးနေ့မယူဆဘဲလက်နက်ကိုင်ဆောင်ခွင့်ပြင်ဆင်ချက်ဥပဒေကိုပြည်နယ်တွေက အတည်ပြုတဲ့နေ့ကိုသာလွတ်လပ်ရေးအစစ်အမှန်ရတဲ့နေ့လို့သတ်မှတ်ကြတာမျိုးလည်းအမေရိကန်မှာရှိတယ်။

အမေရိကန်မှာသွားရောက်အခြေစိုက်တဲ့လူမျိုးထဲမှာ သူတို့တိုင်းပြည်လွတ်လပ်ရေးတိုက်ပွဲအတွက် ငွေကြေးလက်နက်နဲ့ လူအင်အားထောက်ပံ့တာမျိုးလည်းရှိတယ်။ Serbia လက်အောက်ကုန်းထွက်ဘို့ Kosovo ပြည်နယ်တိုက်ပွဲမှာ အမေရိကန်ရောက် Albanian တွေကလည်း ကူညီတိုက်ခိုက်တယ်။ Kosovo လွတ်မြောက်ရေးတပ်ဖွဲ့မှာ New York မြို့က Albanian တွေအများဆုံးပါဝင်တယ်လို့ သိရပါတယ်။ ဒါကြောင့် Kosovo လက်နက်ကိုင်အဖွဲ့မှာ လက်နက်ရဘို့ပြဿနာမရှိပါဘူး။

စစ်အေးတိုက်ပွဲကာလမှာ အမေရိကန်အစိုးရက ကွန်မြူနစ်ဆန့်ကျင်တဲ့ လွတ်မြောက်ရေးလှုပ်ရှားမှုတွေကို ကူညီခဲ့ဘူးတယ်။လွန်ခဲ့တဲ့အနှစ် ၂၀ ကျော်က သမတ Reagan လက်ထက်မှာNicaragua နိုင်ငံကသူပုန်ကိုကူညီတဲ့ကိစ္စဟာထင်ရှားပါတယ်။ လက်နက်နဲ့အုပ်ချုပ်တဲ့ဗမာစစ်အစိုးရဟာအိန္ဒိယ၊ တ ရုတ်၊ ရုရှားနဲ့ အခြားနိုင်ငံတွေက စစ်လက်နက်ပစ္စည်းရတယ်။ လက်နက် မရှိရင်စစ်အစိုးရမရှိနိုင်သလိုလက်နက်မရှိရင် လက်နက်ကိုင်တော်လှန်ရေးလည်းမရှိနိုင်ဘူး။ ဒါကြောင့်ဖက်ဒရယ်ကိစ္စမပြောမီ ကိုယ့်နယ်မြေ ကိုယ်ကာကွယ်နိုင်သလားဆိုတာကို အရင်ဆန်းစစ်ဘို့လိုတယ်။

Afghanistan ကို ဆယ်နှစ်ဆယ်မိုး ၁၉၇၈–၁၉၈၈ ဆိုဗီယက်သိမ်းပိုက်ထားတာကို မူဆလင်ပြောက်ကျားက တိုက်ထုတ်နိုင်တာဘာကြောင့်လဲ။ ဆိုဗီယက်တပ်နီတော်ကို လက်နက်ငယ်နဲ့ တိုက်လို့မရဘူး။အမေရိကန်ဆီကရတဲ့လက်နက်ကြီးတွေနဲ့ပစ်လို့ဆိုဗီယက်တပ်တွေ

ထွက်သွားတာပဲ။ ဒီလိုလုပ် နိုင်အောင် Afghan မူဆလင်မ်သူပုန်ဘက်ကို အမေရိကန်ကကူညီတယ်။

ထင်ရှားသူကတော့ Texas ပြည်နယ်က ဒီမိုကရက်အမတ် Charles Wilson ဆိုသူပဲဖြစ်တယ်။ ခေတ်မီ လေယာဉ်ပစ်ဒုံးပျံတွေ ထောက်ပံ့ဘို့ ဆော်သြသူဖြစ်တယ်။ သူ့အကြောင်းကို ရုပ်ရှင်တောင် ရိုက်ထားသေးတယ်။ လက်နက်အင်အားကြီးမားတဲ့ ဆိုဗီယက်စစ်တပ်ကို သတ္တိရှိရှိနဲ့ခုခံတိုက်ခိုက်နေတဲ့ မူဂျာဟီဒင်မူဆလင်မ်သူပုန်တွေကို အစွမ်းထက်တဲ့ခေတ်မီလက်နက်တွေပေးဘို့ Charles Wilson က စည်းရုံးတာ အောင်မြင်သွားတယ်။

ဆိုဗီယက်တပ်တွေ Afghanistan ကထွက်ခွါသွားဖို့ မဖြစ်ဖြစ်အောင်လုပ်ရမယ်ဆိုတဲ့လျှို့ဝှက်အမိန့်ကို သမတ Reagan ၁၉၈၅ ဧပြီမှာ လက်မှတ်ထိုးလိုက်တဲ့အတွက် CIA အဖို့ ခေတ်မီလက်နက်တွေ ထောက်ပံ့ဘို့လမ်းပွင့်သွားတာပဲ။ ဒီလိုအခြေအနေရောက်လာအောင် စည်းရုံးရေးဆင်းရတာပဲ။ စစ်အေးခေတ်မို့ အမေရိကန်က ထောက်ပံ့တာဖြစ်ပြီး အခုတော့ ထောက်ပံ့မှာမဟုတ်ဘူးလို့ ဆင်ခြေပေးနိုင်တယ်။ ဒါပေမဲ့ **ဗမာစစ်အာဏာရှင်အပြုတ်တိုက်ရေးမှာ လက်နက်ကိုင်လှုပ်ရှားမှုဟာလည်း အရေးကြီးတဲ့အခန်းကဏ္ဍက ပါဝင်ကြောင်း ယုံကြည်လာအောင် ပြောနိုင်ရင် ကူညီနိုင်တဲ့နည်းလမ်းတွေအများကြီးရှိပါတယ်။❑**

**ဦးအောင်ခင်**
မျက်မှောက်ရေးရာသုံးသပ်ချက်
VOB # 692

# ရခိုင်တပ်လှန့်သံ

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး

"၁၉၄၇ နောက်ပိုင်း အုပ်ချုပ်သော ဗမာအစိုးရအဆက်ဆက်သည် ရခိုင်ပြည်တွင်းနေထိုင်ကြသည့် ရခိုင်နှင့် ရခိုင်မျိုးနွယ်စုများအကြား၊ ရခိုင်ပြည်မြောက်ပိုင်းနှင့်တောင်ပိုင်းအကြား၊ ရခိုင်ပြည်တွင်းနေထိုင်သည့် မတူကွဲပြားသော ဘာသာရေး၊ လူမျိုးရေးအုပ်စုများအကြားတွင် ကျဉ်းမြောင်းသော လူမျိုးစွဲ၊ ဘာသာစွဲများသွတ်သွင်းသွေးခွဲအုပ်ချုပ်လာခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်သည်။ တစ်ဘက်မှာလည်း ဗမာနယ်ချဲ့တို့၏ခါးပိုက်ဆောင် နအဖတပ်ကို ရခိုင်သမီးပျိုများအား အတင်းလက်ထပ်ခိုင်းခြင်း၊ မုဒိန်းကျင့်ခြင်းစသည့် နည်းလမ်းများဖြင့် ရခိုင်အမျိုးသားလူ့အဖွဲ့အစည်းတခုလုံး ပျက်သုဉ်းအောင်ကြံဆောင်အားထုတ်လျက်ရှိကြသည်။ ယင်းအပြင် လာမည့် ၂၀၁၀ တွင် ရွေးကောက်ပွဲလုပ်ပေးမည်။ အရပ်သားအစိုးရဖွဲ့၍ ဒီမိုကရေစီစနစ်ထူထောင်ပေးမည် စသဖြင့် အတုအယောင်ပြည်ထောင်စုဖွဲ့စည်းပုံထောက်ချောက်ထဲသွတ်သွင်းကာ ရခိုင်ပြည်၏ သဘာဝသယံဇာတတူးဖော်ရေး၊ စီးပွါးရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအပေါ် လက်ဝါးကြီးအုပ်လျက် ရခိုင်အမျိုးသားတို့အား ထာဝရကျွန်ပြုဖို့ ကြိုးစားနေကြပေသည်။

သို့ဖြစ်ပါ၍ ၂၀၀၈ ဒီဇင်ဘာလ ၃၁ ရက်၌ ကျရောက်သော ၂၂၄ နှစ်မြောက် ရခိုင့်နိုင်ငံတော် အချုပ်အခြာအာဏာကျ ဆုံးသည့်နေ့တွင် ရခိုင်အမျိုးသားတို့၏ အမျိုးသားရေးလက္ခဏာ၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အမျိုးသားအကျိုးစီးပွါးတို့ကို ကာကွယ်ထိန်းသိမ်းနိုင်ရန် အလို့ငှာ မိမိတို့ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံးမှ ရခိုင်တစ်မျိုးသားလုံးအား အောက်ပါအတိုင်း တပ်လှန့်နှိုးဆော်လိုက်သည်။"

(၁)ရခိုင်တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေးကို ရှေးရှုကြ၊

(၂)ရခိုင်တို့၏ အမျိုးသားရေးလက္ခဏာ၊ သဘာဝသယံဇာတ၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အကျိုးစီးပွါးကိုကာကွယ် ထိန်းသိမ်းကြ၊

(၃)နယ်ချဲ့ဝါဒ၊ လူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်ဝါဒကို ရရာလက်နက်စွဲကိုင်၍ တိုက်ပွဲဝင်ကြ၊

ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များအစည်းအရုံး (AASYC) ၏ ၃၁/၁၂/၂၀၀၈ နေ့ ၂၂၄ နှစ်မြောက် ရခိုင့်နိုင်ငံတော်အချုပ်အခြာအာဏာကျဆုံးသည့်နေ့ ထုတ်ပြန်ကြေငြာချက်မှ--

# ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP ကို

# နဝတစည်းရုံးခဲ့ပုံ သုံးလအတွင်း အပစ်ရပ်ပျက်ပြားခဲ့ပုံ

ကရင်နီပြည်အပါအဝင်ဆက်စပ်နေတဲ့ ရှမ်းပြည်တောင်ပိုင်းဒေသတွေမှာအခြေပြုပြီး လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲနေကြတဲ့ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ကယန်းအမျိုးသားကာကွယ်ရေးအဖွဲ့၊ ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး၊ ကယန်းပြည်သစ်ပါတီနဲ့ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့တွေ ဟာ ၁၉၉၁ ခုနှစ်ကနေ ၁၉၉၄ ခုနှစ်အတွင်း နဝတ စစ်အစိုးရနဲ့ တဖွဲ့ပြီးတဖွဲ့ အပစ်အခတ်ရပ်စဲရေးတွေလုပ်ခဲ့ကြပါတယ်။

ကရင်နီပြည်အတွင်းမှာ ကြံ့ကြံ့ခံပြီး လက်နက်ကိုင်တော်လှန်ရေး ဆက်လက်ဆင်နွှဲနေတာဆိုလို့ KNPP ခေါ် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတခုတည်းသာ ကျန်ပါတော့တယ်။ ဒါ့ကြောင့် နဝတစစ်အစိုးရဟာ ၁၉၉၁နဲ့ ၁၉၉၂ တွေအတွင်း KNPP ကိုထိုးစစ်ကြီးတွေဆင်ပြီး စစ်ရေးအရ ဖိအားပေးဖို့ကြိုးစားခဲ့ပါတယ်။ KNPP ရဲ့ရှေ့တန်းစခန်းတွေဖြစ်တဲ့ ထီးထစခန်း၊ ဖဲထစခန်း၊ ဟွေ့ပုံလောင်းစခန်းနဲ့ ဒေါတခဲတောင်ကြောတလျှောက်က စစ်စခန်းတွေကိုအင်အားအလုံးအရင်းနဲ့ တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်။

တဖက်မှာလည်း ငြိမ်းချမ်းရေးပွဲစားတွေ အသုံးချပြီး KNPP အဖွဲ့ လက်နက်ချအညံ့ခံလာအောင် ကြိုးပမ်းအားထုတ်ခဲ့ပါတယ်။ နဝတ စစ်အစိုးရက KNPP အဖွဲ့ကို စည်းရုံးသိမ်းသွင်းဖို့အတွက် ကယားပြည်နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌဟောင်း ဦးကျော်ဒင်၊ နဝတနဲ့ အပစ်အခတ်ရပ်စဲရေးပြုလုပ်ထားတဲ့ KNG ခေါ် ကယန်းအမျိုးသားကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဦးလှမိုး နဲ့ လွိုင်ကော်မြို့ ကက်သလစ်သာသနာဂိုဏ်းအုပ်ဆရာတော် ဆိုတေးရိဖားမိုးတို့ကို တာဝန်ပေးခဲ့ပါတယ်။ ၁၉၉၁ မှာ ဦးကျော်ဒင်နဲ့ ဦးလှမိုးတို့ KNPP နဲ့ စတင်ဆက်သွယ်ခဲ့ပါတယ်။

နဝတခွင့်ပြုချက်နဲ့ KNPP ဗဟိုဌာနချုပ်အထိသွားရောက်ခဲ့ ပြီး စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲရေးပြုလုပ်ဖို့ KNPP ခေါင်းဆောင်တချို့ကို စည်းရုံးနားချခဲ့ကြပါတယ်။ ဒါပေမဲ့ KNPP ခေါင်းဆောင်တွေက လက်မခံဘဲ ဆက်လက်တိုက်ခိုက်နေခဲ့ပါတယ်။ ဒါကြောင့် နဝတစစ်အစိုးရက ၁၉၉၃ ဇွန်လအတွင်း ဖရူးဆိုးမြို့နယ်အတွင်း ကျေးရွာအုပ်စုတွေက လူထုကိုယ်စားလှယ် (၁၀၀)ကျော်ကို KNPP ရှေ့တန်းစခန်းတွေအထိ စေလွှတ်ပြီး အပစ်အခတ်ရပ်စဲရေးပြုလုပ်ဖို့ ဖိအားပေးခိုင်းခဲ့ပါတယ်။ လူထုရဲ့တိုက်တွန်းချက်အရ ၁၉၉၃ အောက်တိုဘာလမှာ ကရင်နီတပ်မတော်ဒုတိယစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ်အောင်မြတ် ခေါင်းဆောင်တဲ့ကိုယ်စားလှယ်ဟာ လွိုင်ကော်မြို့အနီးရှိ ကုန်းသာကျေးရွာမှာ နဝတစစ်ထောက်လှမ်းရေးအဖွဲ့နဲ့ချိန်းဆိုပြီး ပဏာမတွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

ဒါပေမဲ့ လွိုင်ကော် ဒကစမှူး ဗိုလ်မှူးကြီးမောင်ကြည်ရဲ့တပ်တွေက KNPP ကိုယ်စားလှယ်အဖွဲ့ကို ညဘက်မှာအလစ်အငိုက် ဝင်ရောက် တိုက်ခိုက်ခဲ့တဲ့အတွက် ဆွေးနွေးပွဲပျက်သွားခဲ့ရပါတယ်။ ၁၉၉၃ နိုဝင်ဘာလ (၁၇) ရက်နေ့မှာ နဝတစစ်ထောက် လှမ်းရေးအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်တိုင် လွိုင်ကော်ကိုရောက်ရှိလာပြီး တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းတွေ အပစ်အခတ်ရပ်စဲရေးဆွေးနွေးဖို့ တရားဝင်ကမ်းလှမ်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။ နဝတရဲ့တာဝန်ပေးချက်အရ ထိုင်းနိုင်ငံ ဘန်ကောက်အခြေစိုက် နဝတစစ်သံမှူး ဗိုလ်မှူးကြီးသိန်းဆွေခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့ဟာ ထိုင်းအစိုးရရဲ့အကူအညီနဲ့ ၁၉၉၃ နိုဝင်ဘာ (၂၁) ရက်နေ့မှာတကြိမ်၊ ဒီဇင်ဘာ(၈) ရက်နေ့မှာတကြိမ် KNPP ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်သန်းလေး ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့ ထိုင်းနိုင်ငံ မယ်ဟောင့်ဆောင်မြို့မှာ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဒီဇင်ဘာ (၁၀) ရက်နေ့မှာ နဝတစစ်အစိုးရက ကက်သလစ်ဂိုဏ်းအုပ်ဆရာတော် ဆိုတေးရိဖားမိုး ကို KNPP ဗဟိုဌာနချုပ်အထိ စေလွှတ်ပြီး KNPP ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်သန်းလေးကို ထပ်မံနားချစည်းရုံးခိုင်းခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်သန်းလေးက ဒီကိစ္စကို ဗဟိုကော်မတီမှာ တင်ပြဆွေးနွေးပြီးရင် နဝတနဲ့ဆက်လက်ဆွေးနွေးဖို့ ကိုယ်စားလှယ်အဖွဲ့တဖွဲ့ စေလွှတ်ပါ့မယ်လို့ ဆရာတော်ကတဆင့် အကြောင်းပြန်ခဲ့ပါတယ်။ ဒီလိုနဲ့ ၁၉၉၄ ဇန်နဝါရီလကစပြီး စစ်ထောက်လှမ်းရေးတပ်ဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးကျော်ဝင်း ခေါင်းဆောင်တဲ့ နဝတကိုယ်စားလှယ်အဖွဲ့နဲ့ KNPP ဒုတိယစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ်အောင်မြတ် ခေါင်းဆောင်တဲ့အဖွဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ ဒါပေမယ့် တဖက်နဲ့တဖက်သဘောတူညီမှု မရတဲ့အတွက် နဝတက ဆရာတော်ဆိုတေးရိဖားမိုး ခေါင်းဆောင်တဲ့ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ကို ၁၉၉၄ ဖေဖော်ဝါရီလနဲ့ မတ်လတွေမှာ KNPP ဗဟိုဌာနချုပ်အထိ (၂) ကြိမ်တိတိ ထပ်မံစေလွှတ်ပြီး KNPP ခေါင်းဆောင်တွေကို စည်းရုံးနားချခိုင်းခဲ့ပါတယ်။

၁၉၉၄ မတ်လ (၂၅) ရက်နေ့မှာ KNPP ဥက္ကဋ္ဌဗိုလ်ချုပ်အောင်သန်းလေးက ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်ထံစာရေးပြီး နဝတစစ်အစိုးရဘက်က အဆုံးအဖြတ်ပေးနိုင်မဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့ KNPP ဘက်က အဆုံးအဖြတ်ပေးနိုင်တဲ့ကိုယ်စားလှယ်အဖွဲ့တွေ တိုက်ရိုက်တွေ့ဆုံဆွေးနွေးဖို့ တောင်းဆိုခဲ့ပါတယ်။ ၁၉၉၄ အောက်တိုဘာ (၁၃) ရက်နေ့မှာKNPPကိုယ်စားလှယ်အဖွဲ့က လွိုင်ကော်ဒကစမှူးဗိုလ်မှူးကြီးမောင်ကြည်နဲ့ သွားရောက်တွေ့ဆုံခဲ့ပြီး နဝတနဲ့ တွေ့ဆုံဆွေးနွေးရေးအတွက် ကရင်နီပြည်သူလူထုထံက ဆန္ဒခံယူချင်ကြောင်း၊ ဒီကာလအတွင်း တိုက်ခိုက်မှုတွေမလုပ်ဖို့၊ ကယားပြည်နယ်အတွင်းရှိ တခြားအပစ်ရပ်အဖွဲ့တွေ မတိုက်ခိုက်နိုင်အောင်လဲ တာဝန်ယူပေးဖို့တောင်းဆိုခဲ့ပါတယ်။

ဗိုလ်မှူးချုပ်မောင်ကြည်က ကယားပြည်နယ်အတွင်း နေရာ



Photo : flickr.com

KNPP တပ်သားများ

အနံ့အပြားမှာလူထုအစည်းအဝေးနဲ့ ဆန္ဒခံယူပွဲတွေ လုပ်ခွင့်မပြုနိုင်ကြောင်း၊ လွိုင်ကော်ကိုလည်း ကိုယ်စားလှယ် (၁၅) ဦးလောက်သာကြိုတင်လာရောက်ဆက်သွယ်ဖို့ အကြောင်းပြန်ခဲ့ပါတယ်။ ဒီလိုနဲ့ ၁၉၉၄ နိုဝင်ဘာ(၁၀)ရက်နဲ့(၁၃)ရက်နေ့တွေမှာဗိုလ်မှူးချုပ်အောင်မြတ်ခေါင်းဆောင်တဲ့ KNPP ကိုယ်စားလှယ်အဖွဲ့နဲ့ နဝတကိုယ်စားလှယ်အဖွဲ့ လွိုင်ကော်မြို့မှာ တရားဝင်စတင်တွေ့ဆုံ ဆွေးနွေးခဲ့ကြပါတယ်။ နှစ်ဖက် အပစ်အခတ်ရပ်စဲကြဖို့ သဘောတူညီချက်တွေ ရရှိခဲ့ကြပေမဲ့ ငြိမ်းချမ်းရေးအခမ်းအနားလုပ်ဖို့၊ မလုပ်ဖို့ အရေးမှာတော့ နှစ်ဘက်သဘောတူညီချက်မရခဲ့ဘူးလို့ဆိုပါတယ်။ နဝတက အခမ်းအနားလုပ်ဖို့ ဆန္ဒရှိပြီး KNPP အဖွဲ့ကတော့ ငြင်းဆိုခဲ့ကြောင်း သိရှိရပါတယ်။ ၁၉၉၅ မတ်လ (၆) ရက်နဲ့ (၇) ရက်နေ့တွေမှာKNPP ဒုတိယဥက္ကဋ္ဌ ဦးခူထဲဘူဖဲနဲ့ အတွင်းရေးမှူး ဦးရီမန်ထူးတို့ခေါင်းဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့နဲ့ လွိုင်ကော်ဒကစမှူး ဗိုလ်မှူးချုပ်မောင်ကြည်၊ ဒုတိယ စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်မှူးကြီးကျော်ဝင်းတို့ ဦးဆောင်တဲ့ နဝတကိုယ်စားလှယ်အဖွဲ့တို့ဟာ လွိုင်ကော်မြို့မှာ တတိယအကြိမ်တွေ့ဆုံပြီး နှစ်ဘက်တပ်ဖွဲ့တွေအတွက် လှုပ်ရှားဒေသတွေ သတ်မှတ်ဖို့ အပါအဝင် အသေးစိတ်ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။

ဒီဆွေးနွေးပွဲမှာ နဝတဘက်က ငြိမ်းချမ်းရေးအခမ်းအနားပြုလုပ်ဖို့ အတင်းအကျပ် ထပ်မံတောင်းဆိုခဲ့တာကြောင့်KNPP ဘက်က လိုက်လျောပေးခဲ့ရကြောင်း သိရှိရပါတယ်။ ၁၉၉၅ မတ်လ (၂၁) ရက်မှာ KNPP အဖွဲ့နဲ့ နဝတတို့ အပစ်အခတ်ရပ်စဲတဲ့ အခမ်းအနားကို ကယားပြည်နယ် လွိုင်ကော်မြို့ မြို့တော်ခန်းမမှာကျင်းပပြုလုပ်ခဲ့ပါတယ်။ အခမ်းအနားကို နဝတစစ်ထောက်လှမ်းရေးအကြီးအကဲ ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်ဦးဆောင်တဲ့ နဝတဝန်ကြီးတွေနဲ့ဌာနဆိုင်ရာအကြီးအကဲတွေလည်းတက်ရောက်ခဲ့ကြပါတယ်။ အခမ်းအနားမှာ KNPP ဒုတိယဥက္ကဋ္ဌ ဦးခူထဲဘူဖဲက KNPP အဖွဲ့ရဲ့ လူအင်အားစာရင်းနဲ့လက်နက်အင်အားစာရင်းကို လွိုင်ကော် ဒကစမှူး ဗိုလ်မှူးချုပ်မောင်ကြည်လက်ကို ပေးအပ်ခဲ့ရပါတယ်။ နဝတကလည်း KNPP အဖွဲ့ကို တရားမဝင်အဖွဲ့အစည်းအဖြစ်က ပယ်ဖျက်ပေးခဲ့ပါတယ်။

နဝတစစ်အစိုးရဟာ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ အပစ်အခတ်ရပ်စဲရေးဆွေးနွေးရာမှာ နည်းဗျူဟာ(၂) မျိုးကိုအသုံးပြုလေ့ရှိတာတွေ့ရပါတယ်။ စစ်ထောက်လှမ်းရေးအဖွဲ့ က ချိုချိုသာသာ ပျူပျူငှာငှာ ဆက်ဆံပြပြီး တိုက်ခိုက်ရေးတပ်တွေကတော့ ခပ်တင်းတင်း ဆက်ဆံတဲ့နည်းကို အသုံးပြုခဲ့ကြပါတယ်။ အပစ်အခတ်ရပ်စဲရေးပြုလုပ်ဖို့ကုန်းသာကျေးရွာမှာ နဝတစစ်ထောက်လှမ်းရေးအဖွဲ့နဲ့ ပဏာမဆွေးနွေးပွဲတွေစတင်ခဲ့စဉ်က လွိုင်ကော် ဒကစတပ်ဖွဲ့တွေရဲ့ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်မှုကို ခံခဲ့ရဖူးသလို တရားဝင် အပစ်အခတ်ရပ်စဲရေးပြုလုပ်ပြီး (၃) လအကြာ ၁၉၉၅ ဇွန်လ(၂၈)ရက်မှာ နဝတတပ်တွေက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ပါစည်းကမ်းတွေကို ချိုးဖေါက်ပြီး KNPP ထိန်းချုပ်နယ်မြေတွေအတွင်း အင်အားအလုံးအရင်းနဲ့ဝင်ရောက်လာတဲ့အတွက် တိုက်ပွဲတွေ ပြန်လည်ဖြစ်ပွားခဲ့ရပါတယ်။

KNPP က နဝတနဲ့တွေ့ဆုံဖြေရှင်းနိုင်ဖို့ကြိုးစားခဲ့ပေမဲ့ နဝတဘက်က လက်မခံတဲ့အတွက် ၁၉၉၅ ဒီဇင်ဘာ (၂၀)မှာ ကျင်းပပြုလုပ်ခဲ့တဲ့ KNPP အရေးပေါ် ဗဟိုကော်မတီအစည်းအဝေးက မတ်လအတွင်း နဝတနဲ့ သဘောတူညီခဲ့မှုအားလုံး ပျက်ပြားသွားပြီဖြစ်ကြောင်း ဆုံးဖြတ်ကြေငြာခဲ့ပါတယ်။ ဒါပေမဲ့ နဝတ၊ နအဖစစ်အစိုးရကတော့ လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာတယ်ဆိုတဲ့ တိုင်းရင်းသားလူမျိုးစုအပစ်ရပ်အဖွဲ့ (၁၇) ဖွဲ့ရဲ့ အမည်စာရင်းထဲမှာKNPP အဖွဲ့ကို ယခုအချိန်အထိ ဆက်လက်ထည့်သွင်းဖော်ပြနေဆဲ ဖြစ်ပါတယ်။❑

ကျော်စွာ DVB ၁၇၊၁၂၊၀၈




ဝ်ႉယွၼ်းပွၼ်း (ၵူၺ်းၽွၼ်း) ပီမႂ်ႇတႆး/ပီမႂ်ႇလုမ်ႈၾႃႉ
ၵၼ်ၽူႈၵၢၼ်ႉၸဝ်ႈ (ၵေႃႉသေႈၼ်ႈတီႈၵုမ်းၶင်ၵမ်ႈၼမ်) သူင်ႇမႃးတီႈၽူႈတွႆႇႁွၵ်ႈ

ၶွပ်ႈၸႂ်ၵူႈၵေႃႉ




S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
ตู้ ปณ. 15 ปณฝ. หนองหอย อ. เมือง จ. เชียงใหม่ 50007
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org